တပေါ်စ ဇတံ မင်္ဂလ မုတ္တမံ၊ ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၂၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၇၀)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များ နှင့် တက်ရောက်ကြသူ များကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံစုံညီအစည်းအဝေး တက်ရောက်သည့်ရာခိုင်နှုန်း ၉၇ဒသမ၀၇ ရှိ၍ အထမြောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေး ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့မှ အကြံပြုချက်စာတမ်းများဖတ်ကြားတင်ပြ

ရန်ကုန် ဇွန် ၂၈

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ခု ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။



တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခမီ) အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊

စာမျက်နှာ ၈ ကော်လံ ၁ ●

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး တီထွင်ကြံဆကြိုးပမ်းဆောင်ရွက် ပြည်သူများ၏လိုအပ်ချက် တတ်စွမ်းသည့်ကဏ္ဍကဖြည့်ဆည်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်ပေးကြမည့် လူ့စွမ်းအား အရင်းအမြစ်များ နယ်စပ်ဒေသများတွင် တိုးတက်ဖြစ်ထွန်းနေစေရေးမှာ ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင် လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"အချို့နယ်စပ်ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အတွင်းပိုင်းဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုထက် သာလွန်မြန်ဆန်နေတာကို တွေ့ရတယ်၊ နယ်စပ်ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုများ သွက်လက်မြန်ဆန်တဲ့အလျောက် ရရှိဖြစ်ထွန်းနေတဲ့ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ဆောင်ရွက်သွားရမှာဖြစ်တယ်။ ဒေသခံပြည်သူများ မိမိဘဝရပ်တည်နိုင်ပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးကြရမှာ ဖြစ်တယ်။ အထူးသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စဉ်ဆက်မပြတ် တိုးတက်မြင့်မားသွားစေဖို့ လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းရေးအတွက်ပါ စီမံဆောင်ရွက်သွားကြဖို့လိုတယ်"

ဟု လမ်းညွှန် မိန့်ကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ ပညာရည် မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးတို့ကို ဟန်ချက်ညီညီ စီမံဆောင်ရွက်ပေးလျက်ရှိရာတွင် အခြေခံပညာကျောင်းများ အသစ်တိုးချဲ့ဖွင့်လှစ်ပေးမှု၊ အဆင့်တိုးမြှင့်ပေးမှု၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များ ဖွင့်လှစ်ပေးမှုတို့အပြင် နယ်စပ်ဒေသနေပြည်သူများ ပညာရည်မြင့်မားရေးအတွက် နယ်စပ်ဒေသ အသုံးလုံးသင်တန်းကဲ့သို့ သီးသန့်အစီအမံများလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် ဇွန်လ ၂၇ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ရန်ကုန်နှင့်မန္တလေး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ(AGTI)ဒီပလိုမာ ရရှိကြသည့် ကျောင်းသားများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က အမှာစကားပြောကြားရာတွင်–

"ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ၏ ကျောင်းဆင်းပွဲနှင့် လုပ်ငန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို နှစ်စဉ်နှစ်တိုင်းကျင်းပနိုင်ခဲ့ရာ ယခုနှစ်မှာ တတိယအကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးနှင့် အဆင့်မြင့်ပညာ တတ်ကျွမ်းသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရေးဆိုသည့် နိုင်ငံတော်၏ဦးတည်ချက်ကို လက်တွေ့အကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ခြင်းကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖော်ညွှန်းခြင်းလည်းဖြစ်ကြောင်း"

ပြောကြားသွားသည်။

၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် ရန်ကုန်ဒီဂရီကောလိပ်မှ ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရ ကျောင်းသား ၃၈ဦးနှင့် အင်ဂျင်နီယာ ဒီပလိုမာရရှိသူ ၂၃ ဦး၊ မန္တလေး ဒီဂရီကောလိပ်မှ ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရ ကျောင်းသား ၃၄ဦးနှင့် အင်ဂျင်နီယာ ဒီပလိုမာရရှိသူ၂၀ စုစုပေါင်း သင်တန်းဆင်းကျောင်းသား ၁၁၅ ဦးကို ထပ်မံမွေးထုတ်ပေးနိုင်ခဲ့သည်။

သင်တန်းဆင်းကြသည့် ကျောင်းသားများထဲမှ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ အရည်အချင်းစစ်သင်တန်းတက် ရောက်ရန် အဆင့်မီသူ၂၄ဦးနှင့် B.Tech သင်တန်းတက်ရောက်ရန် အဆင့်မီသူ ၂၇ ဦးရှိရာ မကြာမီ ပါရဂူဘွဲ့ များကိုပါ ရရှိလာနိုင်တော့မည် ဖြစ်သည်။

သို့ဖြစ်ရာ သင်တန်းဆင်းကြသည့် တိုင်းရင်းသားလူငယ်များသည် မိမိတို့ရရှိလာသည့်အခွင့်အရေးကို အမိအရဆုပ်ကိုင်ပြီး မိမိရပ်ရွာ၊မိမိဒေသဖွံ့ဖြိုးတိုးတက်စေရေး တီထွင်ကြံဆ ဝီရိယအားစိုက်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်တို့ကို ဖော်ထုတ်ပြီး မိမိတို့ တတ်စွမ်းသည့်ကဏ္ဍက ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၉-၆-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Earth and Its Movement ပထမနှစ် ပထဝီဝင် (ပထဝီဝင်အထူးပြုများ)
- ၅း၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
- ၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း–၁၀)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၃၁)

ပြည်သူ့သဘောထား

- ＊ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ＊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ＊ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ＊ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်လမြိုင်ကျွန်း မြို့နယ်အသင်း (ရန်ကုန်)၏ သတ္တမအကြိမ် သင်းလုံးကျွတ် အစည်းအဝေး၊ ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် ပညာရည်ချွန်ဆု ပေးပွဲကို ဇွန် ၂၀ ရက်က ရွှေတိဂုံဘုရား လမ်းရှိ သစ် လုပ် ငန်း မွှောရုံ၌ကျင်းပရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် တိပိဋကပါဠိပါရဂူ တိပိဋကရေတိပိဋကကောဝိဒ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသအမှူးရှိသော ပင့်သံဃာများအား အသင်းဥက္ကဋ္ဌ ဦးသိန်းလှိုင်နှင့် အသင်းသူ အသင်းသားများက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြစဉ်။ (က–ပ)

သွေးချိုဆီးချိုပညာရပ်ဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

B- Braun နှင့် Concordia International Co.,Ltd. တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် သွေးချို၊ ဆီးချို ပညာရပ်ဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ပွဲနှင့် သွေးချိုတိုင်းစက် (Omnitest E Z Blood ˚Glucometer) မိတ်ဆက် ပွဲကို ဇွန် ၂၆ ရက် နံနက် ၉နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတိုက်၌ ကျင်းပသည်။(အောက်ပုံ)

အခမ်းအနား မစတင်မီ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကိုကျင်းပရာ Concordia International Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာသန်းဝင်းက သွေးချို၊ ဆီးချို ပညာရပ်ဆိုင်ရာနှင့် အိုမ်နီတက် (Omnitest) သွေးချိုတိုင်း စက်ကိရိယာအကြောင်းကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဆေးတက္ကသိုလ်(၂) မှ တွဲဖက်ပါမောက္ခ ဦးတင့်ဆွေလတ်က သွေးချို၊ ဆီးချိုကုသခြင်းဆိုင်ရာ ရည်မှန်းချက်များ(Getting to Goal in Type 2 Diabetes)နှင့် ပတ်သက်၍လည်းကောင်း၊ ဆေးတက္ကသိုလ် (၁) တွဲဖက်ပါမောက္ခ ဒေါ်သန်းသန်းအေးက သွေးချိုတိုင်းကိရိယာ အသုံးပြုရာ၌ သိထားသင့်သည့်အချက်အလက်များ (Application of Glucometer in Clinical Practice) နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆွေးနွေးဖြေကြား

ယင်းနောက် တက်ရောက်လာကြသည့် ဆရာဝန်များက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားသည်။ **(သတင်းစဉ်)**

စာရေးကိရိယာနှင့် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၂၈

ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက်အတွင်းရှိ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ၃၃ဦးတို့ ကျောင်းအပ်နှံရေးအတွက် ဇွန်၁၂ရက်က အမျိုးသမီး ပညာရေး ထောက်ပံ့ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ဌေးနှင့် အဖွဲ့ဝင်များက ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဝင်းသို့ ကျောင်းသုံးစာရေးကိရိယာနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

မိဘဂုဏ်ရည် သွေးလှူရှင်အသင်း သွေးပုလင်း ၅၀၀ လှူဒါန်း

ရန်ကုန် ဇွန် ၂၈

မိဘဂုဏ်ရည် သွေးလှူရှင်အသင်း၏ ပဓာနနာယကဆရာတော်ထံမှ ဩဝါဒခံယူခြင်း၊ (၂၀၇)ကြိမ်မြောက် သွေးပုလင်း ၅၀၀ လှူဒါန်းခြင်း၊ မတည်အလှူရှင်များထံမှ အလှူငွေလက်ခံခြင်း၊ အကြိမ် (၈၀)အထက် မိဘဂုဏ်ရည်သွေးလှူရှင်များနှင့် အသင်းအတွက်ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် အသင်းဝင်များအား ဂုဏ်ပြုအလံ၊ စလွယ်၊ ရင်ထိုးတံဆိပ်များ ချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၆ ရက်က မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသည်။ **(သတင်းစဉ်)**

ရွှေရင်အေး စပါးမျိုးများပေးအပ်

ရှမ်းပြည်နယ် အထူးအထွက်ကောင်းစပါးမျိုး နွေစပါးရိတ်သိမ်းပွဲနှင့် မိုးစပါးမျိုး ပေးအပ်ပွဲကို ဇွန် ၂၅ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာစိုက်ခင်းတွင် ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် က တောင်သူတစ်ဦးအား ရွှေရင်အေး စပါးမျိုးများ ပေးအပ်စဉ်။

(သတင်းစဉ်)

ဇွန်၂၈ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် World Intellectual Property Organization (WIPO) မှ Deputy Director General Mr.Geoffrey Yu နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။(သတင်းကျောဖုံး)(သတင်းစဉ်)

အထူးအထွက်ကောင်းရွှေရင်အေးနွေစပါးရိတ်သိမ်းမိုးစပါးမျိုးပေးအပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အားပေး

ရန်ကုန် ဇွန် ၂၈

ရှမ်းပြည်နယ်အထူးအထွက်ကောင်း ရွှေရင်အေးစပါးမျိုး နွေစပါးရိတ်သိမ်းပွဲနှင့် မိုးစပါးမျိုးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၅ရက် နံနက် ၈နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာရှိ ရွှေရင်အေးနွေစပါးစံပြဧက ၅၀စိုက်ကွင်းတွင်ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ဖယ်ခုံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးလွင်၊ လွိုင်ကော်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဦး၊ ပြည်နယ် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ကြီးနှင့်လွိုင်လင်ခရိုင်ဥက္ကဋ္ဌများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်များမှ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တောင်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနစိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းနွယ်က ရွှေရင်အေးစပါးစံပြကွက် ရိတ်သိမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှာစကားပြော

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားပြီး ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း ရွှေရင်အေးစပါးမျိုးများ ဝယ်ယူဖြန့်ဖြူးမှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ကယားပြည်နယ်အတွင်း၂၀၀၄-၂၀၀၅ခုနှစ် မိုးရာသီတွင် မျိုးပွားစိုက်ပျိုးရန်အတွက်ရွှေရင်အေးစပါးမျိုး တင်း၂၀၀၀ကို ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးမြင့်ဦးနှင့်တာဝန်ရှိသူများအား ပေးအပ်သည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် တာဝန်ရှိသူများက တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များနှင့် လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်များအတွက် ရွှေရင်အေးမျိုးစပါးများကိုပေးအပ်ရာ သက်ဆိုင်ရာမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာများက လက်ခံရယူကြသည်။

ယင်းနောက်တိုင်းမှူး၊ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရွှေရင်အေးစပါးမျိုး နွေစပါးများရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းမှု၊ ခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့မှုနှင့် ထွက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ စံပြကွက် တစ်ဧကလျှင် ရွှေရင်အေးစပါး ၁၄၇ဒသမ၅၃ တင်း ထွက်ရှိကြောင်းနှင့် ရွှေရင်အေးစပါးမျိုးကို ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း ဧကပေါင်း ခြောက်သိန်းကျော် စိုက်ပျိုးရန် လျာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလိုအပ်သည့်ပံ့ပိုးမှုများ ဖြည့်ဆည်းပေးမည် စက်မှုလုပ်ငန်းရှင်များနိုင်ငံတော်အပေါ်သစ္စာစောင့်သိဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇွန် ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဒဂုံမြို့နယ်(တောင်ပိုင်း) စက်မှုဇုန်အမှတ်(၂)နှင့် အမှတ်(၃)တာဝန်ခံ ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးသူရဦးသောင်းလွင် လိုက်ပါလျက် ဇွန်၂၇ရက်က ဒဂုံမြို့နယ် အမှတ်(၂) စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီရုံးသို့ ရောက်ရှိသည်။

ဝန်ကြီးသည် စက်မှုဇုန်အမှတ်(၂) စီမံခန့်ခွဲရေးကော်မတီရုံး၌ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒဂုံမြို့သစ်(တောင်ပိုင်း)စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ စက်မှုဇုန်အမှတ်(၂)နှင့် အမှတ်(၃)တို့မှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဇုန်အတွင်းမှ လုပ်ငန်းရှင်များအားတွေ့ဆုံ အမှာစကားပြောကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အမျိုးသားကုန်ထုတ်လုပ်မှုတန်ဖိုးနှင့် စက်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးတို့ ဆက်စပ်လျက်ရှိနေကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သည့်ပံ့ပိုးမှုများ ဖြည့်ဆည်းပေးမည်ဖြစ်သကဲ့သို့ စက်မှုဇုန်လုပ်ငန်းရှင်များကလည်း နိုင်ငံတော် အပေါ်သစ္စာစောင့်သိ၍ ဝိုင်းဝန်းကြိုး ပမ်းသွားရန်လိုကြောင်းတို့ ပြောကြားခဲ့သည်။

ဆက်လက်၍ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ဒဂုံမြို့နယ်(တောင်ပိုင်း)စက်မှုဇုန်များတည်ဆောက်ပုံ အဆင့်ဆင့်နှင့်လက်ရှိအခြေအနေ၊ ဇုန်အလိုက်ထုတ်လုပ်မှုတန်ဖိုးများ၊ ဇုန်သာယာရေးနှင့် သန့်ရှင်းလှပရေးကော်မတီဖွဲ့စည်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စက်မှုဇုန်အမှတ်(၂)စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌဦးအောင်မြင့်၊စက်မှုဇုန်အမှတ်(၃) စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစက်ရေး၊ UCM မော်တော်ယာဉ် ထုတ်လုပ်ရေးမှ လုပ်ငန်းရှင်ဦးချစ်မောင်၊ KSW မော်တော်ယာဉ်ထုတ်လုပ်ရေးမှ လုပ်ငန်းရှင် ဦးကျော်စိုးဝင်းတို့က လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက စက်မှုဇုန်တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များတင်ပြသည့်လုပ်ငန်းလိုအပ်ချက်များအား ဖြည့်ဆည်းပေးမည့် အစီအမံများကို ပြန်လည်ပြောကြားပြီး စက်မှုဇုန်(၂)မှ Beautiful Island ကြိမ်လုပ်ငန်း၊စန္ဒာဟိန်းအထည်ချုပ်လုပ်ငန်း၊ Metronic General Electronic၊ ရွှေကျော် စက်မှုလက်မှု လုပ်ငန်း၊ သောင်းစက်မှုလက်မှုတွင်ခုံထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှုဇုန် အမှတ်(၃)မှ UCM မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်း၊ KSW မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊ အောင်သာ အင်ဂျင်ရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်း၊ သန်းအောင်စက်မှုလက်မှု၊ အောင်အထွေထွေစက်မှု အလုပ်ရုံနှင့် Young Power Electric Machinery Emporium တို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် တောင်ဒဂုံစက်မှုဇုန် အမှတ်(၂)၊ (၃)ရှိ စက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ရည်မျှော်မှန်းတဲ့ ဒို့အောင်ပွဲ

ညောင်နှစ်ပင်
နောင်အစဉ် သမိုင်းတွင်ရစ်
မျိုးချစ်တို့စုဝေးရာ
အမျိုးသားညီလာခံ။
အကျိုးတရားပြည်သာရန်
ပြည်သူတို့ ကြည်ဖြူလို့
ညီတူစို့ လက်တွဲရုံ။
မဟုတ်မမှန်
ပြည်ပကအသံ
ချိုးဖျက်ဖို့---ထိုးနှက်လို့
မျိုးဖျက် သူတို့အကြံ
အရေးမလုပ်တာအမှန်။
ထက်နဘံ၊ ဘဝင်ညံ့အောင်ပ
သောင်းသောင်းဖြဖြ
ထောက်ခံကြသမို့ လက်တွဲညီ
ဦးမော့လို့ ရင်ကော့ချီ
တပ်ဦးဆီက ညီနောင်တော်
ပြည်သူနှင့် တပ်မတော်
အောင်လံလွှင့်လို့ လက်တွဲခေါ်
ရည်မျှော်မှန်းတဲ့ ဒို့အောင်ပွဲ
ရောက်မည်ကေန်မလွဲ။ ။

ခွန်မ်ပရောဂမ်

အီရတ်စစ်ပွဲပြီးလျှင် ကန်နိုင်ငံ ပိုမိုလုံခြုံမည်ဟု ယခင်က ထင်မြင်ခဲ့ကြ ယခုအခါ အီရတ်စစ်ပွဲသည် ကန်တို့အတွက် လုံခြုံမှုမပေးနိုင်ဟု ယုံကြည်သူပိုများလာ

ဝါရှင်တန် ဇွန် ၂၆

အီရတ်စစ်ပွဲပြီးဆုံးပြီးနောက် အမေရိကန်နိုင်ငံ ပိုမိုလုံခြုံမှုရှိမည်ဟု အမေရိကန်အများစုက ထင်မြင်ထားခဲ့သော်လည်း ဖြစ်မလာသည့်အပြင် အီရတ်စစ်ပွဲသည် အမေရိကန်တို့အတွက် လုံခြုံမှုမပေးနိုင်ဟု အမေရိကန်အများစုက ယခုအခါ ယုံကြည်လာကြပြီဖြစ်သည်။

ထို့ပြင် အမေရိကန်နိုင်ငံကို အကြမ်းဖက်မှုသည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် အီရတ်တို့ ပူးပေါင်းသည့် သက်သေအထောက်အထားများလည်း မတွေ့ရှိရကြောင်း၊ ယခုလ၌ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

မှားယွင်း

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ကျူးကျော်တိုက်ခိုက်ခဲ့သည့် အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး စီအင်န်အင်န်ယူအက်စ်အေတူဒေးနှင့် ဂေါလ်အပ်ပူးလ်တို့၏ နောက်ဆုံးစစ်တမ်းကောက်ယူမှုများအရ အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်စစ်ဆင်နွှဲသိမ်းပိုက်မှု မှားယွင်းကြောင်း ထောက်ခံဆန္ဒပြသူများ ပိုမိုများပြားလာလျက်ရှိကြောင်း သိရသည်။

ယုံကြည်

အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းကို လွန်ခဲ့သည့်တစ်နှစ်ကျော်က မှန်ကန်သည်ဟု အမေရိကန်တို့က ထင်မြင်ခဲ့သော်လည်း ယခုအချိန်၌ အမေရိကန်အများစုက အီရတ်စစ်ပွဲ ဆင်နွှဲခြင်းသည် အမှားတစ်ရပ်ဖြစ်ကြောင်း ယုံကြည်လက်ခံလာကြပြီ ဖြစ်သည်။

ယခု စီအင်န်အင်န် ယူအက်စ်အေ တူဒေး၏ စစ်တမ်းကောက်ယူချက်အရ အမေရိကန်က အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ခြင်းသည် မှားယွင်းကြောင်း ထောက်ခံသူ ၄၁ ရာခိုင်နှုန်းအထိရှိပြီး အီရတ်စစ်ပွဲသည် အမေရိကန်တို့အတွက် အကြမ်းဖက်တိုက်ခိုက်ခံရမှုမှ ပိုမိုလုံခြုံမှုမရှိနိုင်ကြောင်းကို ၅၅ ရာခိုင်နှုန်းက ဖော်ပြခဲ့သည်။ **(စီအင်န်အင်န်)**

အီရတ်၌ လုံခြုံရေးတိုးမြှင့် ဆောင်ရွက်ရန် အရေးပေါ်အစည်းအဝေး ကြားဖြတ်အစိုးရစီစဉ်

ဘဂ္ဂဒက် ဇွန် ၂၇

အီရတ်နိုင်ငံ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရန် အီရတ်ကြားဖြတ်အစိုးရအဖွဲ့မှ ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးနှစ်ဦးက အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ယနေ့ကျင်းပပြုလုပ်ရန် စီစဉ်နေကြောင်း သိရသည်။

ဘာသာရေးအခြေခံသည့် တိုက်ခိုက်မှုများသည် အီရတ်နိုင်ငံတစ်ဝန်းပျံ့နှံ့ဖြစ်ပွားခဲ့ပြီး နိုင်ငံမြောက်ပိုင်းရှိ မူဆိုးလ်၊ ဘာကူဘာမြို့မှသည် အနောက်ဘက် ရာမာဒီ၌ ကားဗုံးခွဲအသေခံတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ပါဝင်

ဒဏ်ရာရ၊ သေဆုံးသူများမှာ အီရတ်တပ်ဖွဲ့များ၊ ရဲတပ်သားများနှင့် အရပ်သားဖြစ်ကြပြီး အမေရိကန်စစ်သည်သုံးဦးလည်း ပါဝင်ကြောင်း သိရသည်။ သေဆုံးသူများထဲတွင် ကလေးနှစ်ဦးလည်း ပါဝင်ကြောင်း တာဝန်ရှိ ဆရာဝန်တစ်ဦးက ပြောကြားခဲ့သည်။

အကြမ်းဖက်မှုများကို အီရတ်ကိုယ်ပိုင်တပ်ဖွဲ့များနှင့် မည်သို့အစီအစဉ်ချ ဆောင်ရွက်မည်ဆိုသည်ကို အီရတ်ကြားဖြတ်အစိုးရက အတိအကျ ပြောကြားခြင်းမရှိကြောင်း သိရသည်။

သေဆုံး

ပြီးခဲ့သည့် စနေနေ့က ဖြစ်ပွားသည့် တိုက်ခိုက်မှုမှာ သေဆုံးဒဏ်ရာရရှိသူ တစ်ရာနီးပါးရှိပြီး ခုခံတိုက်ခိုက်မှုများ စတင်ဖြစ်ပွားချိန်ကစပြီး သေဆုံးဒဏ်ရာရသူအများဆုံး နေ့တစ်နေ့ဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

နာဂျက်ဖ်မြို့၌ ကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရ ပြောက်ကျားများက အယ်လ်ဆာဒါအားအကာအကွယ်ပေးနေ

နာဂျက်ဖ် ဇွန် ၂၇

ယခုလစောစောပိုင်းက အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီထားသော်လည်း ပြောက်ကျားများက အမေရိကန်စစ်ယာဉ်တန်းအား စနေနေ့က ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်ဟု ဒေသခံပြည်သူများက ပြောဆိုသည်။ အမေရိကန် ဟမ်းဗီးယာဉ်များနှင့် ကုန်တင်ယာဉ်များပါဝင်သော ယာဉ်တန်းသည် ဘဂ္ဂဒက်မြို့တောင်ဘက် မိုင် ၁၀၀ အကွာရှိ နာဂျက်ဖ်မြို့သို့ ဖြတ်သန်းသွားလာစဉ် ပြောက်ကျားများက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

မရရှိ

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားရာတွင် အပျက်အစီးအဆုံးအရှုံးများ ချက်ချင်းမသိရသေးကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ သတင်းပြန်ကြားချက်များ မရရှိသေးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အကာအကွယ်ပေး

နာဂျက်ဖ်မြို့လယ်၌ မိုတာဒါအယ်လ်ဆာဒါအား ပြောက်ကျားများက အကာအကွယ်ပေးလျက်ရှိကြောင်း၊ ယခုလစောစောပိုင်းက အပစ်အခတ်ရပ်စဲရေး အစိတ်အပိုင်းအဖြစ် အီရတ်ရဲစခန်းကို ထိန်းချုပ်မှုအောက်မှ စွန့်လွှတ်ခဲ့ရကြောင်း သိရသည်။ သို့ရာတွင် ပြောက်ကျားအချို့သည် ပုန်းအောင်းနေရာမှ အမေရိကန် စစ်ယာဉ်တန်းများကို မကြာခဏ တိုက်ခိုက်လျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

မီးလောင်ပေါက်ကွဲ

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ဘုတ်အယ်ဆမ်မြို့အနီး ရေနံပိုက်လိုင်း မီးလောင်ပေါက်ကွဲခဲ့ရာ မီးငြိမ်းသတ်ရန် ကြိုးစားနေသော အီရတ်မီးသတ်သမားများကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တောင်းဆိုဆန္ဒပြ

အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ အမြန်ဆုံးရုပ်သိမ်းရန် တောင်းဆိုဆန္ဒပြနေသူများကို အမေရိကန်နိုင်ငံ ကွန်နက်တီကက်ပြည်နယ် နယူးဟာဘင်မြို့၌ ဇွန် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ကန်တပ်ဖွဲ့ဝင်များရှိနေမှုအဆုံးသတ်ရန် ဘော့စတွန်၌ လူရာပေါင်းများစွာ ဆန္ဒပြတောင်းဆို

ဘော့စတွန် ဇွန် ၂၆

အီရတ်နိုင်ငံတွင် အမေရိကန်ပြည်ထောင်စု စစ်ရေးအရကျူးကျော်မှု အဆုံးသတ်ရန် တိုက်တွန်းသော ဆန္ဒပြပွဲကို ဘော့စတွန်မြို့ရှိ ကော့ပ်ပလေဗလာဇာတွင် လူရာပေါင်းများစွာ စနေနေ့က စုရုံးကျင်းပခဲ့ကြသည်။

တိုက်တွန်း

ယနေ့ မိမိတို့သည် အီရတ်ရှိ တပ်ဖွဲ့ဝင်များကို ၎င်းတို့၏ မိသားစုများ ထံပြန်ခေါ်ယူရန် တိုက်တွန်း ပြောဆိုကြမည်ဖြစ်ကြောင်း၊ ယနေ့အချိန်အခါသည် စစ်ပွဲကြောင့် စိတ်နှလုံးထိခိုက်ပျက်ပြုန်းကြရသူ ထောင်ပေါင်းများစွာအတွက် အရေးစိုက်ရမည့်အချိန်ဖြစ်ကြောင်း အမေရိကန် မိတ်ဆွေများအကျိုး ဆောင်ရွက်ရေးကော်မတီဝင် ပေါလ်ရှန်နွန်ဆိုသူက ဆန္ဒပြလူအုပ်ကြီးအား ပြောကြားသည်။

ပြောကြား

အလားတူ ဆန္ဒပြပွဲများကို ဆန်ဖရန်စစ္စကို၊ စိန့်လူးဝစ်၊ နယူးယောက်မြို့ကြီးများအပါအဝင် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် ကျင်းပရန် စီစဉ်ထားကြောင်း ငြိမ်းချမ်းရေးနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစည်းညီညွတ်သောအမျိုးသမီးများအဖွဲ့ ပြောခွင့်ရှိသူ ဂျနီဖာဟိုရန်က ပြောကြားသည်။

ရေးသား

ဆန္ဒ ပြသူများသည် ဆိုင်းဘုတ်အမျိုးမျိုးကို သယ်ဆောင်လာခဲ့ကြရာ "တော်လောက်ပြီ ခုတပ်ဖွဲ့ဝင်များကို နေရပ်ပြန်ခေါ်ဟူ၍လည်းကောင်း၊ ဒီမိုကရေစီကို ထောက်ခံတယ်၊ အင်ပါယာထူထောင်ခြင်းကို လက်မခံ" ဟူ၍လည်းကောင်း ရေးသားထားသည်ကို တွေ့ရသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ အပိုင်းပိုင်းကွဲမည်ကို စိုးရိမ်ပူပန် လုံခြုံရေးတိုးတက်မှုမရှိလျှင် အီရတ်၌ အီးယူကဏ္ဍကန့်သတ်မည်

အင်းနစ်(စ)(အိုင်ယာလန်) ဇွန် ၂၇

အီရတ်နိုင်ငံ၌ ဖြစ်ပွားနေသော တိုက်ခိုက်မှုများသည် အီရတ်နိုင်ငံအား လပိုင်းအတွင်း အပိုင်းပိုင်းကွဲသွားစေနိုင်ကြောင်း၊ အကယ်၍ လုံခြုံရေးအခြေအနေတိုးတက်မှု ရှိမလာလျှင် ပြန်လည်တည်ဆောက်ရေးနှင့် ရွေးကောက်ပွဲအစီအစဉ်တွင် အီးယူ၏အခန်းကဏ္ဍကို ကန့်သတ်ရလိမ့်မည်ဟု ဥရောပသမဂ္ဂ ထိပ်တန်းအရာရှိတစ်ဦးက သောကြာနေ့၌ သတိပေးပြောကြားလိုက်သည်။

အီးယူပြည်ပဆက်ဆံရေးအရာရှိ ခရစ်ပက်တင်သည် သမ္မတဂျော့ဒဗလျူဘုရှ်အား ကမ်းလှမ်းထားခြင်း အလျှင်းမရှိသော်လည်း အီရတ်နှင့်ပတ်သက်၍ နိုင်ငံတကာဆိုင်ရာ၏ အကူအညီရရန်အတွက် ယခုလထဲတွင် ဥရောပသို့ ဒုတိယအကြိမ် ခရီးထွက်ပြီး ဘုရှ်ကြိုးပမ်းရာတွင် စိတ်ဓာတ်ရေးရာထောက်ခံမှုပေးထားသည်။

ကွဲမည်

မိမိတို့အားလုံးစိုးရိမ်ပူပန်သည်မှာ တိုက်ခိုက်မှုများသည် အီရတ်နိုင်ငံအား လာမည့်လအနည်းငယ်အတွင်း အပိုင်းပိုင်းကွဲသွားမည့်ကိစ္စဖြစ်ကြောင်း ပက်တင်က အိုင်ယာလန်နှင့် ဥရောပသမဂ္ဂနှင့် ထိပ်သီးဆွေးနွေးပွဲလုပ်ရန်အတွက် ဘုရှ်ရောက်မလာခင် သတင်းထောက်များအား ပြောကြားသည်။

ဆန္ဒပြင်းပြ

ဘုရှ်သည် အီရတ်၏ ဝန်ထုပ်ဝန်ပိုးကို ခွဲဝေယူကြစေရန် ဆန္ဒပြင်းပြနေကြောင်း၊ အီးယူသည် အီရတ်၏ ပထမအကြိမ်ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုလုပ်ရာတွင် အကူအညီပေးမည်ဟု ကမ်းလှမ်းထားသော်လည်း ယင်းသည် လုံခြုံရေးအခြေအနေတိုးတက်လာမှုအပေါ်၌တည်ကြောင်း ပက်တင်က ပြောကြားသည်။

ပြောကြား

အီရတ်လုံခြုံရေးတပ်ဖွဲ့များကို နေတိုးက ကူညီပြီးလေ့ကျင့်သင်ကြားပေးရန် အမေရိကန်ပြည်ထောင်စုနှင့် အီရတ်တို့၏ အဆိုပြုကမ်းလှမ်းချက်အား သဘောတူမည် မတူမည်ဆုံးဖြတ်ရန်မှာ နေတိုး၏အလုပ်ဖြစ်ကြောင်း ပက်တင်က ပြောကြားသည်။ **(အင်တာနက်)**

အာရပ်တိုက်ခိုက်ရေးသမားများ ဖော်လူဂျာ၌မရှိကြောင်းကြေညာ

ဖော်လူဂျာ ဇွန် ၂၆

ဖော်လူဂျာမြို့၌ တိုက်ခိုက်ရေး ခေါင်းဆောင် အယ်လ်ဇာကာဝီနှင့် အာရပ်တိုက်ခိုက်ရေးသမားများရှိနေသည် ဆိုခြင်းကို လက်နက်ကိုင်များက ငြင်းဆိုလိုက်သည့် ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

စွပ်စွဲ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက အယ်လ်ဇာကာဝီနှင့် အာရပ် တိုက်ခိုက်ရေးသမားများ ဖော်လူဂျာမြို့တွင်း၌ ရှိသည်ဟုစွပ်စွဲကာ စစ်ဆင်နွှဲတိုက်ခိုက်လျက်ရှိသည်။

ဖော်ပြ

၎င်းတို့မရှိခြင်းကို မိမိတို့သိရှိကြောင်း၊ သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက ဘာသာရေး အဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်နေမှုကြောင့် ဆက်လက်ကာကွယ်တိုက်ခိုက်နေခြင်းဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ **(စီအင်န်အင်န်)**

စစ်ဆေးမေးမြန်း

ဘဂ္ဂဒက်မြို့တောင်ဘက် ဟီလာမြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားသည့် နေရာအနီး အီရတ်တို့အား စစ်ဆေးမေးမြန်းနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဘဂ္ဂဒက်တောင်ဘက်ဟီလာမြို့လယ်တွင် ကားဗုံး ပေါက်ကွဲမှုများဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၂၇

တူရကီစားစားခံများကို သတ်ဖြတ်မည်ဟု အစ္စလမ္မစ်ခုခံတိုက်ခိုက်ရေးသမားများက ခြိမ်းခြောက်ပြောဆိုနေချိန်တွင် ဘဂ္ဂဒက်တောင်ဘက်၌ စနေနေ့ညက ကားဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ လူ၄၀သေဆုံးပြီး ၂၂ ဦးဒဏ်ရာရခဲ့ သည်ဟု သိရသည်။

ထို့ပြင် နေတိုးက အီရတ်လုံခြုံရေးတပ်ဖွဲ့များအား လေ့ကျင့်သင်ကြားပေးရန် သဘောတူခဲ့ပြီး အီရတ်ကြားဖြတ်ဝန်ကြီးချုပ်က အကြမ်းဖက်မှုများကြောင့် ရွေးကောက်ပွဲများ နှောင့်နှေးနိုင်ကြောင်း သတိပေးပြောဆိုချိန်တွင် ယင်းသို့ ကားဗုံးပေါက်ကွဲခဲ့ခြင်းလည်း ဖြစ်သည်ဟုဆိုသည်။

ပေါက်ကွဲ

ကားဗုံးဖြစ်မည်ဟုယုံကြည်ရသော အင်အားပြင်းထန်သည့် ဗုံးတစ်လုံးသည် ဘဂ္ဂဒက်တောင်ဘက် ၆၃ မိုင်အကွာရှိ ဟီလာမြို့လယ်၌ စနေနေ့ညက ပေါက်ကွဲခဲ့ရာတွင် လူ ၄၀ ထက်မနည်း သေဆုံးပြီး ၂၂ဦးဒဏ်ရာရခဲ့ကြောင်း ဗိုလ်မှူးချုပ်မာခ်ကင်မ်မစ်က ပြောကြားသည်။

အပြစ်တင်

ထိုပေါက်ကွဲမှုအတွက် ဂျော်ဒန်နိုင်ငံဘွား အစ္စလမ္မစ်အဘုမူဆက် အယ်လ်ဇာကာဝီအပေါ် အပေါင်းပါတပ်ဖွဲ့က အပြစ်တင်ပြောဆိုသည်။

တိုက်ခိုက်

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဇာကာဝီအား သုတ်သင်နိုင်ရန်အတွက် လွန်ခဲ့သည့်သီတင်းပတ်တွင် သုံးရက်ခဲ့ပြီး ဘဂ္ဂဒက်အနောက်ဘက်ရှိ ဖော်လူဂျာမြို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ခြိမ်းခြောက်

ထိုအတောအတွင်း အစ္စလမ္မစ် ခုခံတိုက်ခိုက်ရေးအုပ်စုက ၇၂ နာရီအတွင်း အီရတ်နိုင်ငံမှနေ၍ တူရကီကန်ထရိုက်လုပ်ငန်းရှင်များ ရုပ်သိမ်းမသွားလျှင် ဖမ်းဆီးထားသော တူရကီစားစားခံများအား သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ **(အင်တာနက်)**

မိုဆူးလ်မြို့တွင် တိုက်ပွဲများဖြစ်ပွားစဉ် ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော ကားတစ်စီးကို ဇွန် ၂၇ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိအမေရိကန်တပ်မှူးများ ပြင်းထန်သည့် စစ်ဆေးနည်းများသုံးခဲ့ အဘူဂါရိုင်အကျဉ်းသားများ စစ်ဆေးမေးမြန်းမှု ပင်တဂွန်ထုတ်ဖော်

ဝါရှင်တန် ဇွန် ၂၈

မကြာမီကထုတ်ပြန်သော အကျဉ်းသားများအား စစ်ဆေးမေးမြန်းမှု နည်းလမ်းများဆိုင်ရာ စာရွက်စာတမ်းများကြောင့် အမေရိကန်တို့၏ အကျဉ်းသားများဆက်ဆံပုံနှင့် ပတ်သက်ပြီး အငြင်းပွားစရာများ ထပ်မံပေါ်ပေါက်ခဲ့သည်။ အီရတ်နိုင်ငံ အဘူဂါရိုင်အကျဉ်းထောင်မှ အကျဉ်းသားများ အား အမေရိကန်တို့က နှိပ်စက် ညှဉ်းပန်းမှုကြောင့် ကမ္ဘာတစ်လွှားက ပြစ်တင် ဝေဖန်ခဲ့ကြသည်။

အဆိုပါကိစ္စကို ဖြေရှင်းရန်ရည်ရွယ်ပြီး သမ္မတဘုရှ်အစိုးရ အဖွဲ့က ၎င်းတို့၏ စစ်ဆေးမေးမြန်းမှုဆိုင်ရာ နည်းလမ်းများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စာရွက်စာတမ်းများမှာ ဂွမ်တာနာမိုအကျဉ်းစခန်းမှ အကျဉ်းသားများအား စစ်ဆေးရန် ခွင့်ပြုသော နည်းလမ်းများကိုသာ ဖော်ပြထားပြီး အကျဉ်းသားများနှင့် ပတ်သက်၍ ဖော်ပြထားခြင်းမရှိကြောင်း ကွန်ဂရက်လွှတ်တော်အမတ်များက ဝေဖန်နေကြသည်။ ဒီမိုကရက်တစ်ပါတီဝင် အမတ်များက စုံစမ်းစစ်ဆေးမှုတစ်ရပ်ပင် ပြုလုပ်စေလိုကြသည်။

ငြင်းဆို

အီရတ်စစ်ပွဲအတွင်း ဖမ်းမိသူများအား ကွန်ဗင်းရှင်းနှင့်အညီ ပြုမူဆက်ဆံရန်သိရှိပြီးဖြစ်သော်လည်း အမေရိကန်တပ်မှူးများက ပိုမိုပြင်းထန်သည့် နည်းလမ်းများကို ပင်တဂွန်နှင့် မတိုင်ပင်ဘဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်က ပြောကြားခဲ့သည်။ အီရတ်အကျဉ်းသားများအား ဆက်ဆံပုံနည်းလမ်းများကို ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်က ထုတ်ပြန်ခြင်း၊ အတည်ပြုခြင်းမပြုခဲ့ကြောင်းလည်း ပင်တဂွန်က ငြင်းဆိုခဲ့သည်။ ရမ်းစဖဲလ်က သဘောတူခွင့်ပြုထားသောနည်းလမ်းများပင်လျှင် လူသားဆန်သော အပြုအမူများမဟုတ်ကြောင်း ဝေဖန်သူများက ပြောကြားခဲ့ကြသည်။ **(စီအင်န်အင်န်)**

ဗီယက်နမ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်

ဟနွိုင်း ဇွန် ၂၇

ဇွန် ၂၀ရက်ရောက်ချိန်တွင် ယခုနှစ်၏ ပထမခြောက်လအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇ဘီလီ ယံနီးပါးကို ဗီယက်နမ်နိုင်ငံက ဆွဲဆောင်နိုင်ခဲ့ရာ နှစ်အလိုက်အားဖြင့် ၁၁ဒသမ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းသိရသည်။

ထိုကာလအပိုင်းအခြားအတွင်း ဗီယက်နမ်နိုင်ငံသည်အသစ်ခွင့်ပြုသော စီမံကိန်းသစ်၂၅၉ခုရင်းနှီးမြှုပ်နှံမှု ဒေါ်လာ၇၅၄ဒသမ ၅သန်းကျော်ကို ဆွဲဆောင်ရရှိခဲ့ပြီး လုပ်ငန်းလည် ပတ်မှုစီမံကိန်း ၁၀၆ခုမှ နောက်ထပ် ဒေါ်လာ၇၁၁ ဒသမ ၁သန်းရရှိခဲ့ကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနက သောကြာနေ့၌ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၅/၂၀၀၆) တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● ***ကျောဖုံးမှ***

ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

စာတမ်းများပြီးစီး

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယခုအခါ အမျိုးသားညီလာခံ အစုအဖွဲ့များအလိုက် ဆွေးနွေးအကြံပြုချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြလျက်ရှိရာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းများ တင်ပြပြီးစီးသွားပြီဖြစ်ကြောင်း၊ စုံညီအစည်းအဝေးသို့တင်ပြရန် ကျန်ရှိနေသေးသည့် အစုအဖွဲ့များ၏ စာတမ်းများသည် အလားတူအဆင်ပြေချောမွေ့လိမ့်မည်ဟု မျှော်လင့်ကြောင်း။

ပူးပေါင်းဆောင်ရွက်

အမျိုးသားညီလာခံသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ပထမဆင့်ဖြစ်သကဲ့သို့ အခြေခံလည်းကျကြောင်း၊ သို့ဖြစ်၍ အမျိုးသားညီလာခံကြီး ချောမွေ့အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ၊ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များ၊ စာတမ်းပြုစုရေးအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက လုပ်ငန်းကော်မတီအနေဖြင့် အစုအဖွဲ့အလိုက် စာတမ်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ဖြည့်စွက်အကြံပြုဆွေးနွေးကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အလုပ်သမားဝန်ကြီးဌာန ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၂၈

အလုပ်သမားဝန်ကြီးဌာန၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံအနီးရှိ လူမှုဖူလုံရေးအဖွဲ့ ပင်မဆေးသိုလှောင်ရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း တက်ရောက်၍ ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သည်။

ထောက်ပံ့ငွေပေး

ရှေးဦးစွာ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်တို့က အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများအား ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ယင်းအခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းသားသမီး စုစုပေါင်း ၁၇၅၅ ဦးတို့အတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေမှာ ငွေကျပ် ၄၁၀၃၅၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များအား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဂုဏ်ပြုဖျော်ဖြေ

ရန်ကုန် ဇွန် ၂၈

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့က ယမန်နေ့ညပိုင်းတွင် ဖျော်ဖြေတင်ဆက်သည်။

ယင်းသို့ ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ဆပ်ကော်မတီဝင်များ၊ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုနားသောတဆင် အားပေးကြသည်။

ထိုကဲ့သို့ ဖျော်ဖြေတင်ဆက်ရာ၌ ရှေးဦးစွာ မြန်မာ့အသံအဖွဲ့သူများက အမျိုးသားညီလာခံဂုဏ်ပြုတေးဖြစ်သည့် တက္ကသိုလ်မြတ်သူ ရေးသားသီကုံးသော **'လရောင်ဆမ်းမှ လန်းသောပန်း'** သီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် တေးသံရှင်များဖြစ်ကြသော ကျော်ကျော်ထူး၊ နွဲ့ဒါလီလင်း၊ အဲလက်စ်၊ မေခလာ၊ တူးတူး၊ မိမိဝင်းဖေ၊ မေရွက်ဝါ၊ ရတနာဦးနှင့် ဆုန်သင်းပါရ်တို့က မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့ပြင် အမျိုးသားညီလာခံကိုယ်စားလှယ်များကလည်း ဂန္ထဝင်သီချင်းများ၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်ပွဲတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၅၀၀၀၀ ကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လည်းကောင်း၊ တိုင်းရင်းသားကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ)က ဂုဏ်ပြုဆုငွေကျပ် ၁၅၀၀၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ)ဒေါ်တင်တင်မြကလက်ခံပြီး မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှ အနုပညာရှင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀၀၀၀၀ကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ပေးအပ်ချီးမြှင့်ရာ ဦးစီးအရာရှိ(ဂီတ)ဦးမောင်မောင်က လက်ခံသည်။

ထို့အတူ အမျိုးသားညီလာခံဂုဏ်ပြုတေးဖြစ်သည့် **"လရောင်ဆမ်းမှ လန်းသောပန်း"** သီချင်းရေးသားသီကုံးသော တက္ကသိုလ်မြတ်သူနှင့် သီဆိုသူတေးသံရှင် ဆုန်သင်းပါရ်တို့အား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီကို တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ)က ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များအား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့က ဖျော်ဖြေတင်ဆက်ပွဲတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၅၀၀၀၀ကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က ပေးအပ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြက လက်ခံယူစဉ်။ (သတင်းစဉ်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် မကျီးစောက်ကျေးရွာတွင် ဒေသခံကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားစေရန်အတွက် တည်ဆောက်ပေးထားသည့် အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

စက်ရေတွင်းတူးဖော်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာ၌ ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တွင်းတူးစက်ဖြင့် စက်ရေတွင်းတူးဖော်မှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ် စည်ပင်)

ပိုင်ကျုံရေထိန်းတံခါး

ပဲခူးတိုင်း ကဝမြို့နယ် ပိုင်ကျုံရေထိန်းတံခါးသည် ကဝမြို့နယ်ရှိ ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးရေရရှိရေးအတွက် အထောက်အကူပြုလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး



နိုင်ငံတစ်ဝန်းသို့ ဆက်သွယ်သွားလာမှု ချောမွေ့စေရန် တည်ဆောက်ပေးထားသည့် ဒါးကမြစ်ကူးတံတားကို ရန်ကုန်–ပုသိမ်ကားလမ်းပေါ် ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

● ရှေ့ဖုံးမှ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ရွေးကောက်ပွဲ တွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည် နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေး တိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည် နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေး တိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှအလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ် တော်ရုံး၊ အစိုးရ အဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့်ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်း ပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ (၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)၊ရှမ်း ပြည်နယ်(မြောက်ပိုင်း)အထူးဒေသ (၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယား ပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီ အမျိုးသား ဒီမိုကရက်တစ် ပါတီ(KNDP)နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ (KN PP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ (ကမ စည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊မွန်ပြည်သစ်ပါတီ၊ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံ မြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ရှမ်းပြည် အမျိုးသား တပ်မတော်၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ကိုယ်စားလှယ်များအနက် ရခိုင်ပြည်နယ်မှ ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန် လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ) အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့တက်ရောက်ကြောင်းမှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခ)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ ဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိန်းနှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံ ကိုယ်စားလှယ်များတက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

စုံညီအစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၆၇ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၀၇ ရှိသဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

စာတမ်းများဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏သဘောထားတင်ပြချက်နှင့် ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ရှေးဦးစွာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ရွေးချယ်ခံ ကိုယ်စားလှယ်ဖြစ်သော ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသက်ဝေက မိမိယခုဖတ်ကြားတင်ပြမည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်များ၏ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြသည့် သဘောထားတင်ပြချက်သည် ၂၀၀၄ ခုနှစ် ဇွန်လ၂၄ရက်တွင်ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ကိုယ်စားလှယ်က ဖတ်ကြားတင်ပြခဲ့သည့် ပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းနှင့် ထပ်တူထပ်မျှတူညီသည့် အလျောက် အချိန်ကို လေးစားသောအားဖြင့် ထပ်မံဖတ်ကြားတင်ပြခြင်း မပြုတော့ဘဲ မိမိတို့ပါတီမှ ရွေးချယ်ခံကိုယ်စားလှယ်များ၏ သဘောထား တင်ပြချက်ကို သဘာပတိကြီးထံ ပေးအပ်တင်ပြပါကြောင်းဖြင့် ပြောကြားပြီး အဆိုပါ သဘောထားတင်ပြချက်ကို သဘာပတိကြီးထံ ပေးအပ်သည်။

ဆက်လက်၍ မြို့(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ရွေးချယ်ခံကိုယ်စားလှယ်ဖြစ်သော ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှဦးစံသာအောင်၏အမျိုးသားညီလာခံစုံညီအစည်းအဝေး သို့တင်ပြသည့် အကြံပြုဆွေးနွေးချက် စာတမ်းကို အပိုင်းနှစ်ပိုင်းခွဲ၍ ဖတ်ကြားတင်ပြရာ စာတမ်းပြုစုသူရွေးချယ်ခံကိုယ်စားလှယ် ဦးစံသာအောင်နှင့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးတင်ထွန်းမောင်တို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် နံနက် ၉ နာရီ ၃၅ မိနစ်တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

အကြံပြုချက်စာတမ်းတင်ပြ

ယင်းနောက် နံနက် ၁၀နာရီ ၅မိနစ်တွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကိုဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဆက်လက်ဖတ်ကြားတင်ပြကြရာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် လွှားခြံမြို့နယ် မဲဆန္ဒ နယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းတို့ စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို အပိုင်းနှစ်ပိုင်းခွဲပြီး ရွေးချယ်ခံကိုယ် စားလှယ်များဖြစ်ကြသော ဒေါက်တာမှုထန်နှင့် ဦးအောင်သိန်းတို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်ဝင်း၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးသိမ်းကြည်၊ မကွေးတိုင်း မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ ရန်ကုန်တိုင်း တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့၏ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ စုပေါင်းတင်ပြသော အကြံပြုချက်စာတမ်းကို အပိုင်းနှစ်ပိုင်းခွဲပြီး ရွေးချယ်ခံကိုယ်စားလှယ်များဖြစ်ကြသည့် ဦးကြည်ဝင်းနှင့် ဦးတင်ဝင်းတို့က ဖတ်ကြားတင်ပြသည်။

ထို့နောက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော် တင်ပြသည့် ဆွေးနွေးအကြံပြုချက် စာတမ်းကို စာတမ်းပြုစုသူ ရွေးချယ်ခံကိုယ်စားလှယ် ဦးထွန်းကျော်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ၂၀၀၄ခုနှစ် ဇွန် ၂၉ ရက် (အင်္ဂါနေ့)နံနက်၉နာရီတွင်ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်တမ်းတင်လက်မှတ်ရေးထိုး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ဆွေးနွေးအကြံပြုချက်စာတမ်းဖတ်ကြားတင်ပြ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ရွေးချယ်ခံကိုယ်စားလှယ်ဖြစ်သော ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစံသာအောင်၏ အကြံပြုဆွေးနွေးချက်စာတမ်းကို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးတင်ထွန်းမောင်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ရွေးချယ်ခံကိုယ်စားလှယ်ဖြစ်သော ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစံသာအောင်က ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ရှမ်းပြည်နယ် လွှားခြံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းက စုပေါင်း တင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်က စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးကြည်ဝင်းက စုပေါင်း တင်ပြသော အကြံပြုချက်စာတမ်းကို ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးတင်ဝင်းက စုပေါင်း တင်ပြသော အကြံပြုချက်စာတမ်းကို ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်များ၏ သဘောထားတင်ပြချက်ကို သဘာပတိကြီးထံ ပေးအပ် တင်ပြပါကြောင်း ယင်းပါတီမှ ရွေးချယ်ခံကိုယ်စားလှယ်ဖြစ်သော ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသက်ဝေက တင်ပြစဉ်။ (သတင်းစဉ်)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဟင်းလျာဆေးဖက် အစွမ်းထက် ကြက်သွန်နီဆေးတစ်လက်

မီးဖိုချောင်သုံး ပစ္စည်းများဖြစ်သည့် ကြက်သွန်ဖြူ၊ ချင်း(ဂျင်း)၊ ငရုတ်ကောင်းနှင့် နနွင်းတို့၏ ဟင်းခတ်ပစ္စည်းများအဖြစ်သာမက ဆေးဖက်အသုံးဝင်ပစ္စည်းအဖြစ် အကျိုးပြုပုံများကို ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုအဖြစ် နေ့စဉ်ထုတ်သတင်းစာများတွင် စာရေးသူအနေဖြင့် ရေးသားတင်ပြခဲ့ဖူးပါသည်။ အလားတူ မီးဖိုချောင်သုံးပစ္စည်းတစ်ခုဖြစ်သည့် ကြက်သွန်နီ၏ အစွမ်းထက် ဆေးဖက်ဝင်မှုကိုလည်း တင်ပြလိုပါသည်။ ကြက်သွန်တွင် ထန်းကြက်သွန်၊ တောကြက်သွန်၊ ပဒိုင်းကြက်သွန်၊ မြက်ကြက်သွန်၊ ဥသေးကြက်သွန်၊ ဥကြီးကြက်သွန်၊ ကြက်သွန်ဖြူဟူ၍ အမျိုးအစားများစွာရှိသော်လည်း လူသုံးများလျက်ရှိသော ကြက်သွန်တွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူဟူ၍ အဓိကနှစ်မျိုးသာရှိပြီး ကြက်သွန်ဖြူကို 'အဖြူ'ဟူသော နာမဝိသေသနပုဒ်ထည့်လျက် 'ကြက်သွန်ဖြူ'ဟု ခေါ်ဝေါ်ကြသော်လည်း ကြက်သွန်နီကိုမူ 'အနီ'ဟူသော နာမဝိသေသနပုဒ် မထည့်တော့ဘဲ'ကြက်သွန်' ဟုသာ အများအားဖြင့် ခေါ်ဝေါ်လေ့ရှိကြပေသည်။

ကြက်သွန်နှင့် စပ်လျဉ်း၍ ရှေးခေတ် အီဂျစ်လူမျိုးတို့၏ ရုပ်တုများတွင်လည်း ကြက်သွန်ဥများကို တွေ့ရှိရကြောင်း၊ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၄၀၀ခန့်က ကျော်ကြားခဲ့သည့် ခေါမသမားတော်ကြီး ဟစ်ပိုကရစ်၏ စာပေများ၌လည်း ကြက်သွန်အကြောင်းကို ရေးသားဖော်ပြထားကြောင်း လေ့လာသိရှိရပေရာ ကြက်သွန်နီသည် ရာဇဝင်သမိုင်းများ စတင်မှတ်တမ်းပြု ရေးသားသော အချိန်မတိုင်မီကာလ(Prehistoric Time) ဖြစ်သော ရှေးနှစ်ပေါင်း ၄၀၀၀ကျော်ကပင် ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီး၏ အသုံးပြုမှုအမျိုးမျိုးတို့ဖြင့် အမည်နာမအမျိုးမျိုး ကွဲပြားစွာ တည်ရှိလျက်ရှိပေသည်။ ကြက်သွန်နီ၏ အင်္ဂလိပ်အမည်ဖြင့် (Onion)၊ ပါဠိအမည်ဖြင့် ပလဏ္ဍု၊ သက္ကတဘာသာဖြင့် မဟာကန္ဒအပါအဝင် အမည် ၁၂မျိုးခန့်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ ဂရိ၊ ပေါ်တူဂီ၊ သီရိလင်္ကာ၊ အမေရိကန်စသည့် လူမျိုး ၂၅မျိုးခန့်က အမျိုးမျိုး ခေါ်ဆိုကြသည်ကို လေ့လာတွေ့ရှိရသည်။ ကမ္ဘာပေါ်တွင် ကြက်သွန်အသုံးများသောနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ယင်းတို့အနေဖြင့် ကြက်သွန်ကို ဟင်းလျာ၌သုံးစွဲသည်သာမက စွပ်ပြုတ်လုပ်၍လည်းကောင်း၊ နောက်ပိုင်းတွင် ဆေးဝါးများ၌ အနံ့အဖြစ်ထည့်သွင်း၍လည်းကောင်း အသုံးပြုလာကြကြောင်း သိရသည်။ သက္ကတ ဆေးကျမ်းဆရာတစ်ဦးဖြစ်သူ နရဟာရိ ပဏ္ဍိတဆရာက ကြက်သွန်နီကို "ဖြူသောဥရှိသည့် ကြက်သွန်နီ (ထေကတ)"၊ "နနွင်းရောင်ကဲ့သို့ ဝါသောဥရှိသည့် ကြက်သွန်နီ (ဟာရိဒ္ဒ)"၊ "နီသောဥရှိသည့် ကြက်သွန်နီ (ရာဇပလဏ္ဍု)"ဟူ၍ သုံးမျိုးခွဲခြားထားကြောင်း၊ ကြက်သွန်နီသည် မြတ်စွာဘုရားရှင် လက်ထက်တော်ကတည်းကပင် ရဟန်း ဘိက္ခုနီများအား အမြတ်တနိုးလှူဒါန်းခဲ့သော လှူဖွယ်၊ စားပင်၊ ဆေးပင်တစ်မျိုးအဖြစ် ထင်ရှားစွာ သုံးစွဲခဲ့ကြကြောင်း လေ့လာသိရှိ မှတ်သားရပါသည်။

ကြက်သွန်နီဥသည် မြေလုပ်ပင်စည်ဖြစ်ပြီး ပါးလွှာသော အနီရောင် (သို့မဟုတ်) အဖြူရောင် အခွံပါးလေးများပါရှိ၍ အပင်အတွက် အစာကို အထပ်ထပ်ရှိသော ပင်စည်ဖတ်များ၌ သိုမှီးထားသည်ကို တွေ့ရှိရသည်။ ကြက်သွန်နီဥကြီးများသည် အများအားဖြင့် ဥတစ်လုံးအဖြစ် ဖြစ်ပေါ်တည်ရှိပြီး အချို့မှာ အတက်ပွားများအဖြစ် တည်ရှိကြသည်။ အိန္ဒိယနိုင်ငံအပါအဝင် အချို့တိုင်းပြည်များတွင် ကြက်သွန်နီဥတစ်လုံး၏ ပမာဏသည် အလေးချိန် အစိတ်သားကျော်ခန့် အရွယ်အစားအထိရှိကြကြောင်း တွေ့ရှိရသည်။ ကြက်သွန်နီ၏မျိုးရင်းမှာ ဂမုန်းမျိုးရင်း(Liliaceae)ဖြစ်ပြီး အရွက်မှာ ခေါင်းပွဖြစ်၍ အူတိုင်မှ ပင်စည်တံမှာ အရွက်ကဲ့သို့ ခေါင်းပွဖြစ်သည်။ ကြက်သွန်နီပင်သည် အမြင့်တစ်တောင်ခန့်ရှိ၍ အရွက်သည် အပေါ်သို့ထောင်နေတတ်ပြီး အရွက်များ၏အလယ်မှ အရိုးတံထွက်၍ ထိပ်ဖူးမှ အပွင့်ဖြူကလေးများ အဆုပ်လိုက် ပွင့်လေ့ရှိပါသည်။

ကြက်သွန်နှင့် စပ်လျဉ်း၍ "မယ့်ကိုလိုလျှင်" အမည်ရှိ ကျေးလက်အိုင်ချင်းတွင်"ချစ်တဲ့သူငယ်လေ---သူငယ်ချင်းကောင်း ယောက်မတို့လေ--- နှမထွေး မယ်တို့အိမ်ကို သိလိုချင်လျှင် နတ်ခရိုင်နှင့်၊ ဈေးဆိုင်နှင့် အိမ်ထောင့်ကမူ ကြက်သွန်ခင်းနှင့် ရေတွင်းနှင့်" စသည်ဖြင့် ဖွဲ့ဆိုထားသည်ကို လေ့လာသိရှိရခြင်းဖြင့် ကြက်သွန်ကို မြန်မာ့ကျေးလက် တောရွာများ၌ ရှေးကပင် အသုံးပြုမှု ကျယ်ပြန့်ခဲ့ပြီဖြစ်ကြောင်း မှန်းဆနိုင်မည်ဖြစ်သည်။ ကြက်သွန်နီဥကိုလှီးကာ အသားများနှင့် ရောနှော၍ဖြစ်စေ၊ အခြားအသီးအရွက်များနှင့် ရောနှော၍ဖြစ်စေ ချက်ပြုတ်စားသောက်ခြင်း၊ အသီးအရွက်များနှင့်သုပ်စားခြင်း၊ ပါးပါးလှီး၍ မြေပဲဆန်၊ ပုစွန်ခြောက်၊ ပဲမှုန့်စသည့် ဖြည့်စွက်အစာများနှင့် ရောနှောသုပ်စားခြင်း၊ အလျားလိုက်လှီးကာ ဆန်မှုန့်၊ ပဲမှုန့်၊ မုန့်နှစ်တို့ဖြင့်နယ်ပြီးကြော်စားခြင်း၊ ထမင်းစားစဉ် အလုံးလိုက်ကိုက်စားခြင်း၊ အတို့အမြုပ်အဖြစ်စားခြင်း၊ ကြက်သွန်ပင်ရွက်နုများကို ဟင်းခတ်အဖြစ်လည်းကောင်း၊ ပင်စည်အလယ်မှထွက်လာသည့် ပွင့်တံရိုးနုကိုပြုတ်၍ သုပ်စားခြင်း စသည်ဖြင့် စားသုံးလေ့ရှိကြသည်။

ကြက်သွန်နီသည် ဟင်းသီး၊ ဟင်းရွက်အုပ်စုဝင်(သာကဝဂ္ဂ)၊ မြေတွင်းအောင်း(မြစ်ဥ)(ကန္ဒ)မျိုးဖြစ်သော်လည်း အာလူး၊ ပိန်းဥ၊ မြောက်ဥ စသည်တို့ကဲ့သို့ ဖွဲ့စည်း၊ ဖုံးပိတ်၊ သိပ်သည်းကျစ်လျစ်ခြင်းမရှိဘဲ အတွင်းအသားတွင် တစ်ထပ်စီ၊ တစ်လွှာစီ ရစ်ပတ်ဖွဲ့ယှက်စွာ တည်ရှိပြီး အပြင်အခွံများမှာလည်း တစ်ထပ်စီ၊ တစ်လွှာစီဖြစ်၍နေသည်။ ထို့ကြောင့် ကလာပ်စည်း (ဆဲလ်)များ ပွင့်ပေါက်မှုရှိကြသဖြင့် ကြက်သွန်နီထဲတွင် သိတပထဝီ၊ အာကာသဓာတ်များတည်ရှိ၍ အရသာအနေဖြင့် အေးစိမ့်စပ် အရသာရှိပြီး အနံ့အာကာသတည်းဟူသော ပွင့်ပေါက်ပေးမှုတို့ကြောင့် ၎င်းကိုစားသုံးခြင်းဖြင့် အသားအရေစင်ကြယ်ချောမွေ့စေခြင်း၊ သွေးသားကြည်လင်သန့်ရှင်းစေခြင်း၊ စိတ်ကြည်လင်၍ အသိဉာဏ်ကို ထက်မြက်စေခြင်း၊ ဝမ်းမီးကိုတောက်စေ၍ အစာကို ကြေညက်စေပြီး ကျန်းမာဝဖြိုးစေခြင်း၊ အတွေးအခေါ်ကောင်းစေခြင်း၊ နှလုံး

တင်ထွန်း(အစိုးရတိုင်းရင်းဆေး)

ကြံ့ခိုင်စေခြင်း၊ အိုမင်းရင့်ရော်မှုကို လျော့နည်းစေခြင်း၊ ပင်ပန်းမှုဒဏ်ကို ခံနိုင်ရည်စွမ်းအားရှိခြင်း၊ နှစ်ခြိုက်စွာ အိပ်ပျော်စေခြင်း စသည့်အကျိုးများရရှိစေသည်။

ကြက်သွန်နီ၏ အရသာနှင့် အကျိုးများကို မြန်မာဆေးကျမ်းများ၌ "ကြက်သွန်သည်ချို၏၊ စပ်၏၊ အနည်းငယ်ပူ၏၊ ကြေကျက်သောအခါချို၏။ နူတ်ကိုမြိန်စေ၏။ ခွန်အားကိုပြုတတ်၏။ သုက်ဓာတ်၊ သွေးဓာတ်ကိုပွားစေ၏။ လေ၊ သည်းခြေကိုနိုင်၏။ ဆီးကျန်၊ ဆီးအောင့်၊ ဆီးပူ၊ ဝမ်းကိုက်၊ မျက်စိနာ၊ မီးယပ်သွေးငုပ်၊ လေနာ၊ ရင်နာရောဂါများကို ပျောက်ကင်း၏"ဟုလည်းကောင်း၊ ရှုတော်မူဆေးအဘိဓာန်၌လည်း "ကြက်သွန်နီသည် လေ၊ သလိပ်၊ သည်းခြေ၊ ဖျားနာအမျိုးမျိုး၊ ချောင်းဆိုးတို့ကိုနိုင်၏။ ဆီးကိုရှင်စေတတ်၏။ သုက်ကို ပွားစေတတ်၏" ဟူ၍လည်းကောင်း၊ ဓာတုရသဆေးကျမ်းတွင် "နူတ်မြိန်စေ၏။ ပြေပြစ်၏။ ခွန်အားကိုပြုတတ်၏။ သုက်သွေးကိုပွားစေတတ်၏။ လေ၊ သည်းခြေဒေါသကိုနိုင်၏။ ၎င်းအပြင် နူတ်မမြိန်၊ အော့အန်ရောဂါတို့ကိုနိုင်၏။ တီဒေါသနာ၊ အဖျားအမျိုးမျိုး၊ အနူအမျိုးမျိုးတို့ကိုလည်းကောင်း ပိုးနာ၊ လေနာ၊ သလိပ်နာတို့ကိုလည်းကောင်း ပွေး၊ ညှင်း၊ ဖွတ်သိုနာ၊ ချောင်းဆိုးနာ၊ ကုတ်ဟီးနာတို့ကိုလည်းကောင်း ပျောက်ကင်း၏"ဟု အသီးသီး ဖွင့်ဆိုထားသည်။

သိပ္ပံပညာရှင်များ၏ ဖော်ထုတ်တွေ့ရှိချက်အရ ကြက်သွန်နီတွင် (Allyl°°sulphate)ဓာတ် ပါဝင်မှုကြောင့် ပူစပ်အရသာနှင့် အနည်းငယ်ပြင်းသော အနံ့ရှိပြီး ယင်းတွင် ဓာတ်ပါဝင်ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ ရေဓာတ်အများဆုံး ၉၀ ရာခိုင်နှုန်းပါဝင်ပြီး အခြားပရိုတိန်းဓာတ် ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ထုံးဓာတ် ၀ ဒသမ ၁၈ ရာခိုင်နှုန်း၊ အချဉ်ဓာတ် ၁ ရာခိုင်နှုန်း၊ သကြားဓာတ်၊ ချဉ်ဆီဓာတ် ၀ ဒသမ ၂ ရာခိုင်နှုန်း၊ ဖော်(စ)ဖရပ် ၀ ဒသမ ၁ ရာခိုင်နှုန်း၊ သံဓာတ်အနည်းငယ်ပါဝင်သည့်အပြင် ဗီတာမင်အေဓာတ်၊ ဗီတာမင်ဘီဓာတ်၊ ဗီတာမင်စီဓာတ်တို့လည်း များစွာပါဝင်ကြောင်း သိရှိရသည်။

ဤကဲ့သို့ လူသိလည်းများ၊ အသုံးလည်းတွင်ကျယ်၊ ဆေးဖက်လည်းဝင်လှသည့် ကြက်သွန်နီနှင့်စပ်လျဉ်း၍ ဆေးဘက်ဆိုင်ရာ အသုံးပြုပုံများကို လေ့လာသိရှိရသမျှ စုစည်းတင်ပြရလျှင်–

၁။ ဦးခေါင်း၌ ဖောက်များရှိ၍ ယားယံနေပါက ကြက်သွန်နီဥကိုထု၍ ရေနှင့်ဖျော်ပြီး ခေါင်းလျှော်ပေးပါ။

၂။ ဆံပင်ဖြူပါက ကြက်သွန်နီဥကို ထက်ပိုင်းဖြတ်၍ ဦးရေကိုပွတ်ပေးပါ။ သို့မဟုတ် တစ်နေ့လျှင် ကြက်သွန်နီဥတစ်ဥ မှန်မှန်စားပေးပါ။

၃။ မျက်စိနာပါက ကြက်သွန်နီဥ သတ္တုရည်(ကြက်သွန်ဥကို ညှစ်၍ ရသောအရည်)ကို မျက်စိတွင် ကွင်းပေးပါ။

၄။ နှာခေါင်းသွေးလျှံပါက ကြက်သွန်နီဥကို လှီး၍ ရှူပေးပါ။

၅။ နားပြည်ယိုလျှင် နားကို သန့်စင်အောင်ဆေးကြောပြီး လတ်ဆတ်သော ကြက်သွန်နီဥ သတ္တုရည်ကို နားထဲသို့ နေ့စဉ် တစ်နေ့ သုံးလေးကြိမ် ထည့်ပေးခြင်း၊ နားကိုက်ပါက ကြက်သွန်နီဥ သတ္တုရည်ကို ပူအောင် မီးအပူပေး၍ ခပ်နွေးနွေး (နားထဲသို့ ထည့်နိုင်လောက်သည့် အပူချိန်ပမာဏ)ဖြင့် ထည့်၍ဖြစ်စေ၊ ကြက်သွန်နီဥကို မီးဖုတ်ပြီး အလယ်မှ ခွဲ၍ အလယ်ပိုင်းကို နားတွင်ထည့်၍ဖြစ်စေ ပြုလုပ်ပေးပါ။

၆။ လေနာ၊ ရင်ဘတ်အောင့်ခြင်းဖြစ်ပါက ကြက်သွန်နီဥ ၂၅ ကျပ်သားကို မန်ကျည်းမှည့်နှင့် ထန်းလျက်၁၂ကျပ်သားစီ၊ စမုံမျိုးငါးပါး(တစ်ပါးလျှင် တစ်ပဲသားစီ)ရော၍ ကြိတ်ပြီး ထောပတ်ငါးကျပ်သားနှင့်နယ်၍ တစ်ကြိမ်လျှင် ထမင်းစားဇွန်း တစ်ဇွန်းပမာဏ တစ်နေ့လျှင် နှစ်ကြိမ် စားပေးပါ။

၇။ ဝမ်းကိုက်လျှင် ကြက်သွန်နီဥနှင့် ထန်းလျက်ကို စားကောင်းရုံပမာဏ ရော၍ ကြော်စားပါ။

၈။ ဝမ်းချုပ်ပါက ကြက်သွန်နီဥ သုံးဥခန့်နှင့် မန်ကျည်းရွက်နု လက်ဖက်ရည် အကြမ်းပန်းကန်နှစ်လုံးပမာဏရော၍ ထောင်းပြီးစားပါ။

၉။ ကလေးများ ဆီးချုပ်ပါက မီးဖုတ်ထားသော ကြက်သွန်နီတစ်လုံးကို ထက်ခြမ်းခွဲ၍ ဆီးအိမ်ပေါ်တွင် ပူပူနွေးနွေး(ခံနိုင်ရုံ)ကပ်ပေးပါ။ ကလေးများဝမ်းဗိုက်နာပါက ကြက်သွန်နီဥ သတ္တုရည် လက်ဖက်စားဇွန်းတစ်ဇွန်းပမာဏတိုက်ပေးခြင်း၊ ကလေးများအားနည်းပါက ကြက်သွန်နီဥကို မီးဖုတ်၍ ထန်းလျက်နှင့် ကျွေးခြင်း၊ ဝက်သက်ရောဂါဖြစ်ပါက တစ်ကြိမ်လျှင် ကြက်သွန်နီဥ သတ္တုရည် လက်ဖက်စားဇွန်းတစ်ဇွန်း ပမာဏ တစ်နေ့လျှင် လေးကြိမ်တိုက်ပေးခြင်း ပြုလုပ်ပါ။

၁၀။ ဆီးများလိုပါက ကြက်သွန်နီဥအစိမ်းကို စားပေးခြင်း၊ ဆီးသွားသည့်အခါဆီးတစ်စက်ချင်းကျ၍ ဆီးကျန်ပါက ကြက်သွန်နီဥပြုတ်၍သောက်ပေးခြင်း၊ ဆီးပူပါက ကြက်သွန်နီဥသတ္တုရည်ကို သကြားနှင့်သောက်ခြင်း၊ဆီးကြောင့်ဖြစ်သော ဖောရောင်ခြင်းနှင့် ကျောက်တည်ခြင်းတို့အတွက် ကြက်သွန်နီဥသတ္တုရည် လက်ဖက်ရည် အချိုပန်းကန်တစ်လုံးစာကို ဖျော်ရည်လုပ်၍သောက်ခြင်းစသည်တို့ကို ပြုလုပ်ပါ။

၁၁။ သွေးမြင်းသရိုက်ရောဂါနှင့် လိပ်ခေါင်းထွက်ရောဂါများအတွက် လတ်ဆတ်သော ကြက်သွန်နီဥ သတ္တုရည် ထမင်းစားဇွန်းတစ်ဇွန်းတွင် သကြား လက်ဖက်စားဇွန်းတစ်ဇွန်းထည့်၍ တစ်နေ့လျှင် တစ်ကြိမ် နေ့အခါတွင် တိုက်ကျွေးပါ။

၁၂။ နေအပူရှိန် လွန်ကဲသောအချိန်အခါတွင် ခရီးသွားမိသဖြင့် နေပူလောင်ခြင်းဖြစ်ပါက ကြက်သွန်နီဥ သတ္တုရည်ကို လိမ်းပေးပါ။

၁၃။ သတိမေ့ခြင်း၊ ဝက်ရူးပြန်ခြင်းတို့အတွက် ကာယကံရှင်(သတိမေ့သူ၊ ဝက်ရူးပြန်သူ)အား ကြက်သွန်နီဥကို ထုထောင်း၍ ထွက်လာသောအနံ့ကို ရှူစေပါ။

၁၄။ ချောင်းဆိုးပန်းနာ ရောဂါများအတွက် ကြက်သွန်နီဥ သတ္တုရည် ထမင်းစားဇွန်းပမာဏကို တစ်နေ့ သုံးကြိမ်သောက်စေခြင်း၊ ကြက်သွန်နီဥကို ထမင်းနှင့်စားစေခြင်းများ ပြုလုပ်ပါ။

၁၅။ အမျိုးသမီးများ ဓမ္မတာသွေးစင်ကြယ်စေရန်အတွက် ဥတုဓမ္မတာသွေး လာချိန်မတိုင်မီ တစ်ရက်နှစ်ရက်ခန့်ကြို၍ ကြက်သွန်နီဥကို စားပေးပါ။

၁၆။ အနာစိမ်း၊ သက်တံနာများအတွက် ကြက်သွန်နီဥကို အလယ်မှခြမ်း၍ အနာပေါ်တွင် ပတ်တီးစည်းပေးခြင်း ပြုလုပ်ပါ။

၁၇။ အရေပြားရောဂါများအတွက် ကြက်သွန်နီဥသတ္တုရည်ကို လိမ်းပေးပါ။

၁၈။ ကင်းအမျိုးမျိုး၊ ပျား၊ ကင်းမြီးကောက်၊ အခြားပိုးမွှားများအပါအဝင် အဆိပ်ရှိသတ္တဝါများ အကိုက်ခံရပါက အကိုက်ခံရသောနေရာတွင် ကြက်သွန်နီဥသတ္တုရည်ကို သုတ်လိမ်းပေးရမည့်အပြင် အဆိုပါအရည် အကြမ်းပန်းကန်တစ်ဝက် ပမာဏကိုလည်း သောက်ပါ။

ကြက်သွန်နီသည် အထက်ဖော်ပြပါအတိုင်း ဆေးဖက်ဝင် ရေလဲအသုံးပြုခြင်း၏ အကျိုးများရှိသကဲ့သို့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးကုသရေးဌာနများတွင် အသုံးပြု ကုသလျက်ရှိသော တိုင်းရင်းဆေးခန်းသုံးဆေးများအနက် ကလေးသူငယ်နာ၊ ငန်းမန်းလိုက်သောအနာများ၊ အစားမှား၊ အညှော်မိခြင်းတို့အတွက် အဓိကအကျိုးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၃၂ (နန်းတွင်းလျှာပွတ်ဆေးကြီး)တွင် လေးရာခိုင်နှုန်း၊ ကလေးသူငယ်နာရောဂါ အမျိုးမျိုးအတွက် အဓိက အကျိုးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၃၄ (သူငယ်နာမှတ်လေးစင်းဆေးကြီး)တွင် သုံးရာခိုင်နှုန်း အသီးသီး ထည့်သွင်းဖော်စပ် အသုံးပြုလျက်ရှိကြောင်း၊ မြန်မာ့ဟင်းလျာများတွင်သာမက ကမ္ဘာ့နိုင်ငံရှိ နိုင်ငံအသီးသီးမှ လူမျိုးအသီးသီး၏ ဟင်းလျာများနှင့် ဖြည့်စွက်အစာများတွင် အများဆုံး အသုံးပြုလျက်ရှိသော ကြက်သွန်နီ၏ ဆေးဖက်ဝင်ပုံကို မိသားစု ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်အဖြစ် အထောက်အကူပြုစေရေးအတွက် ရေးသားတင်ပြလိုက်ရပါသည်။ ။

ဇွန် ၂၆ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို တာမွေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမတွင် ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်စိုးဝင်းက ဖတ်ကြားစဉ်။ (က–ပ)

ပေးအပ်

တောင်ဥက္ကလာပ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ပညာသင် စရိတ်ပေး အပ်ပွဲကို ဇွန် ၁၆ ရက်က ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ဝန်ထမ်းတစ် ဦး ချင်း သို့ ပညာသင်စရိတ် ပေးအပ်စဉ်။ (၁၉၂)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကျောင်းဆောင်သစ်လွှဲအပ်ပွဲတက်ရောက်၊ ရေနံထုတ်လုပ်မှုကြည့်ရှု

ရန်ကုန် ဇွန် ၂၈

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇွန် ၂၅ရက်နံနက်ပိုင်းတွင် မကွေးတိုင်း ချောက်မြို့နယ် ချောင်းပိုက်ကျေးရွာရှိ အမှတ်(၁၀၉) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်

အစီအစဉ်အရ ချောက်မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟ၊ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်ရီ၊ချောင်းပိုက်ကျေးရွာဥက္ကဋ္ဌ ဦးကြီးဆောင်တို့က ဖဲကြိုးဖြတ်၍ တိုးချဲ့ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ဒုတိယဝန်ကြီးက မူလတန်းကျောင်းပြင်ဆင်မွမ်းမံခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးဦးကျော်တင့်ရီထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ)သို့ ရောက်ရှိ၍ စက်ရုံရှင်းလင်းဆောင်တွင် စက်ရုံမှူး ဦးလှသောင်းနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ဓာတ်မြေသြဇာ အထွက်တိုးရေးအတွက် ဆောင်ရွက်ရန် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ရာ မကွေးတိုင်း မင်းဘူးမြို့နယ် မန်းရေနံမြေသို့ ရောက်ရှိခဲ့သည်။

တွင်းအမှတ်(၆၅၅)

ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် မန်းထောက်ရှာပင်ရေနံမြေများမှ မန်နေဂျာများ၊ မင်းဘူးရေနံဓာတ်ငွေ့ရည်စက်ရုံမှူးနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ရေနံသဘာဝဓာတ်ငွေ့နှင့် ရေနံဓာတုပစ္စည်းများ တိုးတက်ထုတ်လုပ်ရေးတို့နှင့်စပ်လျဉ်း၍ဆွေးနွေးမှာကြားကာ တွင်းအမှတ်(၆၅၅)၏ ထုတ်လုပ်မှုအခြေအနေများကိုစစ်ဆေးကြည့်ရှုခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇွန် ၂၆ရက် နံနက်ပိုင်းတွင် မင်းဘူးမြို့ အခြေခံပညာအလယ်တန်းကျောင်း၊ အိမ်ရာ (မန်းရေနံ) မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးကြည်ရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးက မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မင်းဘူးမြို့ အခြေခံပညာအလယ်တန်းကျောင်း အိမ်ရာ(မန်းရေနံ) မာလ်တီမီဒီယာ စာသင်ခန်းဖွင့်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးကြည်ရှိန်က မာလ်တီမီဒီယာ စာသင်ခန်းများ ပေါ်ပေါက်ရေးအတွက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့မှုများ ရှင်းလင်းတင်ပြပြီးငွေကျပ် ၅၇၆၀၀၀၀ တန်ဖိုးရှိ အထောက်အကူပြုပစ္စည်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

မြန်အောင်ရေနံမြေ

ဇွန် ၂၇ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်အောင်ရေနံမြေ တွင်းအမှတ် (၁၆၇)တူးဖော်နေမှု အခြေအနေများကိုလည်းကောင်း၊ တွင်းအမှတ်(၁၆၆)အပါအဝင် ထုတ်လုပ်ဆဲတွင်းများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ပြည်တောင်တန်းရေနံမြေသို့ ရောက်ရှိပြီး သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက်များနှင့် ရေနံမြေအားကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက မြို့နယ်ပညာရေးမှူး ဦးကျော်တင့်ရီအား ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်စဉ်။ (စွမ်းအင်)

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ကျောင်းဆင်းပွဲတက်ရောက်ခဲ့သော ကျောင်းသားမိဘများ ရန်ကုန်မြို့၌လေ့လာ၊ ကျိုက်မော်ဝန်းရေလယ်ဘုရားဖူးမြော်ကြည်ညို

ရန်ကုန် ဇွန် ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်မန္တလေး)တို့မှ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံနှင့် အင်္ဂလိပ်စာ ဒီပလိုမာကျောင်းဆင်းပွဲတက်ရောက်ခဲ့သော ကျောင်းသားမိဘ၊ တိုင်းရင်းသားတိုင်းရင်းသူ စုစုပေါင်း ၁၆၅ဦးတို့သည် ယနေ့နံနက် ၈နာရီတွင် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ကြပြီး ရတနာဆင်ဖြူတော်နှင့် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။

ဆက်လက်၍ မွန်းတည့်၁၂နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက နေ့လယ်စာဖြင့်ဧည့်ခံသည်။ ထို့နောက် တိုင်းရင်းသားရိုးရာအိမ်များကို ကြည့်ရှုလေ့လာပြီး ဆက်လက်၍ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မော်ဝန်းရေလယ်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။ အဆိုပါခရီးစဉ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးသိန်းဌေးနှင့် တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်းရင်းဆေးသင်တန်းဖွင့်

ရန်ကုန် ဇွန် ၂၈

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းအမှတ်စဉ် (၃/၂၀၀၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၁ရက် နံနက် ၈နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင် တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းအား ၂၀၀၉ခုနှစ် ဇွန် ၂၁ရက်မှ ဇူလိုင် ၁၆ရက်အထိ ရက်သတ္တပတ် လေးပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား ၅၅ဦး၊ အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသားငါးဦး စုစုပေါင်း သင်တန်းသား ၆၀ တက်ရောက်ကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

မှတ်သားဖွယ် မိုးရေချိန်များ

၂၇-၆-၂၀၀၉

သထုံမြို့	၂ ဒသမ ၃၂ လက်မ
မော်လမြိုင်မြို့	၃ ဒသမ ၇၈လက်မ
မချမ်းဘောမြို့	၇ ဒသမ ၃၂ လက်မ

ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင် တစ်ခါတစ်ရံမိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးနိုင်

ရန်ကုန် ဇွန် ၂၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၌ နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြားမိုးရွာခဲ့ကာ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားကောင်းနေကြောင်း သိရသည်။

ဇွန် ၂၉ရက် ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

အရောင်းပြခန်းနှင့် ဆားဗစ်စင်တာဖွင့်

ရန်ကုန် ဇွန် ၂၈

Nibban Electric & Electronics လုပ်ငန်း၏ အရောင်းပြခန်းနှင့် ဆားဗစ်စင်တာအသစ်ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် အမှတ်(၁၁၁) ဗိုလ်ရွှေလမ်း လသာမြို့နယ်၌ ကျင်းပရာ Nibban Electric & Electronics လုပ်ငန်းပိုင်ရှင် ဦးသိန်းကြည်နှင့် ဒေါက်တာသန်းထိုက်တို့က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အရောင်းပြခန်းနှင့် ဆားဗစ်စင်တာအသစ်ကို လုပ်ငန်းပိုင်ရှင် ဦးသိန်းကြည်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က မင်္ဂလာအချိန်ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

Nibban Electric & Electronics လုပ်ငန်း၏ အရောင်းပြခန်းနှင့် ဆားဗစ်စင်တာအသစ်ကို ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော နိုင်ငံတကာအရည်အသွေးမီ တီဗီအင်တီနာများ၊ အင်ဗာတာများ၊ မီးအားမြှင့်စက်အမျိုးမျိုး၊ ဆော့ဖ်ဂတ်အမျိုးမျိုးနှင့် ဘက်ထရီ အားသွင်းစက်များကို တစ်နေရာတည်းတွင် အဆင်ပြေစွာ ရွေးချယ်ဝယ်ယူနိုင်ရန်အတွက် ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲ ရတနာကုန်သည် ၈၃၃ဦးရောက်ရှိ

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၀၉ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ ပြည်ပနိုင်ငံပေါင်း ခြောက်နိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၇၆ခု တို့မှ ရတနာကုန်သည် ၄၆၄ဦးနှင့် ပြည်တွင်းကုမ္ပဏီပေါင်း ၁၂၅ခုတို့မှ နိုင်ငံသားရတနာကုန်သည် ၃၆၉ဦး စုစုပေါင်းရတနာကုန်သည် ၈၃၃ဦးတို့ ရောက်ရှိနေကြပြီဖြစ်သည်။

ယင်းသို့ရောက်ရှိနေကြသော ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် တက်ရောက်ကြသူများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုမ္ပဏီ ၁၅၀ ရတနာကုန်သည် ၃၇၂ဦး၊ ထိုင်းနိုင်ငံကုမ္ပဏီ ၁၈ခုမှ ရတနာကုန်သည်၇၂ဦး၊ စင်ကာပူနိုင်ငံကုမ္ပဏီလေးခုမှ ရတနာကုန်သည် ၁၅ဦး၊ အမေရိကန်ပြည်ထောင်စုကုမ္ပဏီနှစ်ခုမှ ရတနာကုန်သည်နှစ်ဦး၊ အိန္ဒိယနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်နှစ်ဦး၊ ဂျပန်နိုင်ငံကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦးတို့ ဖြစ်ကြသည်။

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ ရောက်ရှိနေကြသော ရတနာကုန်သည်များသည် ယနေ့နံနက်၉နာရီမှ ညနေ၅နာရီအထိ ခင်းကျင်းပြသထားသော ကျောက်စိမ်းများနှင့်ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ဇွန် ၂၉၊ ၃၀နှင့် ဇူလိုင်၁ရက်နေ့များတွင် ၂၀၀၉ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ အစီအစဉ်အတိုင်း ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်တွင် စည်ပင်သာယာရေးဦးစီး ဌာန(ရုံးချုပ်)၊ ပြည်နယ်၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ၁၇ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈၅ဖွဲ့၊ မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့ ၅၇ဖွဲ့၊ မြို့စည်ပင်သာယာရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

လမ်းဖောက်၊ တံတားဆောက်ခြင်းသည် သွားရေးကို သာစေပြီး ရောင်းဝယ်ဖောက်ကား စီးပွားရေးကို တိုးတက်စေကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကို ဖွံ့ဖြိုးတိုးတက်စေသဖြင့် ချမ်းသာချင်လျှင် လမ်းဖောက်ဟု အရှေ့တိုင်းစကားပုံရှိသည်။ သွားလာဆက်သွယ်ပေါင်းစည်းယှက်နွှယ်လာနိုင်ကြပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် (၅)ရပ်အနက် ပထမလုပ်ငန်းစဉ်သည် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးဖြစ်သည်။ ထို့ကြောင့် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးအတွက် ၂၀၀၁-၂၀၀၂ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ နှစ် ၃၀ စီမံကိန်းရေးဆွဲ ဆောင်ရွက်ခဲ့သည်။ မြို့ပြနှင့် ကျေးလက်လမ်းတံတား ကောင်းမွန်ရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၁၉၉၇-၁၉၉၈ ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၀၂-၂၀၀၃ခု၊ ဘဏ္ဍာရေးနှစ်အထိ ခြောက်နှစ်တာကာလအတွင်း မြို့ပြလမ်း ၂၀၇၈မိုင် ၂ဖာလုံ၊ မြို့ပြတံတား ၁၂၄၂စင်း၊ ကျေးလက်လမ်း ၆၅၁၀ မိုင် ၇ ဖာလုံနှင့် ကျေးလက်တံတား ၁၈၀၀ စင်း စုစုပေါင်း လမ်းအရှည် ၈၅၈၉မိုင် ၁ဖာလုံ၊ တံတား ၃၀၄၂စင်း အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

မြို့ပြလမ်း

၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်း ကတ္တရာလမ်း ၃၄မိုင်၅ဖာလုံဆောင်ရွက်ရန်လျာထားခဲ့ရာ ၃၈ မိုင် ၇ဖာလုံ ပြီးစီးခဲ့သည်။ ကျောက်လမ်းဂဝံလမ်း ၆၄မိုင် ၅ဖာလုံ ဆောင်ရွက်ရန် လျာထားခဲ့ ရာ ၆၃ မိုင် ၇ ဖာလုံ ပြီးစီးခဲ့သည်။ မြို့ပြလမ်းများအတွက် ငွေကျပ်၁၂၁၂ဒသမ ၃၀သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။ မြို့ပြတံတားများဖြစ်သော ကွန်ကရစ်၊ သစ်သား၊ ရေပြွန်နှင့်အခြား ၁၉၁စင်း ပြုလုပ်လျာထားခဲ့ရာ ၂၀၁စင်းပြီးစီးခဲ့သည်။ မြို့ပြတံတားများအတွက် ငွေကျပ် ၁၃၅၂ ဒသမ ၄၉ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

ကျေးလက်လမ်း

၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်း ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်း အမာခံ အဆင့်မြှင့်ခြင်း စုစုပေါင်း ၆၇၉မိုင် ၂ဖာလုံ ဆောင်ရွက်ရန် လျာထားခဲ့ရာ ၉၄၅မိုင် ပြီးစီးအောင် ဆောင်ရွက်ခဲ့သည်။ လမ်းသစ်ဖောက်ခြင်း ၁၂၄၆မိုင် လျာထားခဲ့ရာ ၁၅၁၂မိုင် ၄ ဖာလုံ ဖောက်လုပ်နိုင်ခဲ့သည်။ ကျေးလက်လမ်းလုပ်ငန်းများအတွက် ငွေကျပ် ၁၀၀၂ ဒသမ ၄၄၅ သန်း အကုန်အကျခံဆောင်ရွက်ခဲ့သည်။ ကျေးလက်တံတားများဖြစ်သောကွန်ကရစ်၊ သစ်သား၊ ရေပြွန်နှင့် အခြား ၃၅၉ စင်း ပြုလုပ်ရန် လျာထားခဲ့ရာ ၄၇၃ စင်း ပြီးစီးခဲ့သည်။ ကျေးလက်တံတားများအတွက် ငွေကျပ် ၁၀၀၃ ဒသမ ၄၀ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်း၊ပဲခူးတိုင်း(အနောက်)၊ မကွေးတိုင်း၊ မန္တလေးတိုင်းများတွင် ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်လျက်ရှိရာ ၂၀၀၂-၂၀၀၃ခု ဘဏ္ဍာရေးနှစ်တွင် မြေတိုင်းတာခြင်းနှင့် ပုံစံထုတ်ခြင်းကို ၇၇မိုင်၊ မြေသားလမ်း ၇၇မိုင် ၂ဖာလုံ၊ ကျောက်ချောလမ်း ၁၄မိုင်၊ သစ်သားတံတား ၁၆စင်း၊ ရေပြွန် ၄၁ ခု ဆောင်ရွက်ခဲ့သည်။ ငွေကျပ် ၂၇၆ ဒသမ ၈၈၅ သန်း ကုန်ကျခဲ့သည်။ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ခရိုင်ချင်းဆက်လမ်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ မြေတိုင်းတာခြင်းနှင့် ပုံစံထုတ်လုပ်ခြင်း ၁၀၅ မိုင်၊ မြေသားလမ်း ၁၇၁ မိုင် ၂ ဖာလုံ၊ ကျောက်ချောလမ်း ၆၇မိုင်၊ ကတ္တရာလမ်း တစ်မိုင်၊ သစ်သားတံတားအစင်း ၂၀၊ ရေပြွန် ၁၃၁ ခုဆောင်ရွက်ခဲ့သည်။ ခရိုင်ချင်းဆက်လမ်း၊ တံတားများအတွက် ငွေကျပ် ၁၈၂၂ ဒသမ ၅၆သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

ကျောက်ချောလမ်း

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် သီးခြားတာဝန်ပေးချက်အရ လမ်းဖောက်လုပ်ရသည်များလည်းရှိသည်။ ကချင်ပြည်နယ် မြစ်ကြီးနား မြို့တွင် ကွန်ပျူတာကောလိပ်မှ ပြည်ထောင်စုကျေးရွာ ဆက်သွယ်သော ကျေးလက်လမ်း ကျောက်ချောခင်းခြင်း ခြောက်မိုင်နှင့် ကတ္တရာလမ်းအဆင့် မြှင့်ခြင်း ၁ မိုင် ၂ ဒသမ ၆ ဖာလုံ၊ မိုးညှင်းမြို့နယ် မိုးညှင်းဒီဂရီကောလိပ်သွားလမ်း ၁မိုင် ၀ဒသမ၂ဖာလုံကို ကျောက်ချောလမ်းအဖြစ်လည်းကောင်း၊ မိုးညှင်းစက်မှုသိပ္ပံသွားလမ်း ၄ဖာလုံကို ကျောက်ချောလမ်းအဖြစ်လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့သည်။

ကရင်ပြည်နယ် ဘားအံမြို့နယ် တက္ကသိုလ်အဝင်လမ်းမကြီး အရှည် ၂ဒသမ၅ဖာလုံကို အကျယ် ၂၂လက်မ တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ပဲခူးတိုင်း က၀မြို့နယ်မှ ဆံတော်ရှင်စေတီများ ဆက်သွယ်ရာ က၀-အုန္နလမ်း(ညောင်ပင်လေးဆပ်အပိုင်း)မှ ပေါက်ကုန်း-မိုးဂနိမ်း-ဇွဲကိုက်ကျေးရွာများသို့ ဖောက်လုပ်ဆဲလမ်းအား ဂဝံလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ခဲ့ရာ သုံးမိုင်ပြီးစီးခဲ့သည်။ ထို့ပြင် သနပ်ပင်မြို့နယ်မှပဲခူး-စစ်တောင်းတူးမြောင်းကို ဆက်သွယ်သော မင်းရွာ-ကျောင်းစု သစ်သားတံတား(၂၅၀ပေ x ၁၄ပေ x ၁၆ ပေ)ကိုလည်း ဆောက်လုပ်ပြီးစီးခဲ့သည်။ ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ်မှ ရွှေနတ်တောင်-ကျီးသဲလမ်း ၂မိုင် ၆ဖာလုံကို ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ခဲ့သည်။

မကွေးတိုင်း မကွေးမြို့နယ် ကွန်ပျူတာကောလိပ် အဝင်လမ်း အမာခံခင်းခြင်း တစ်မိုင်၊ အစိုးရစက်မှုလက်မှုသိပ္ပံလမ်း ကျောက်ချောခင်းခြင်း တစ်မိုင်ဖောက်လုပ်ပြီးစီးခဲ့သည်။ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ဇော်ဂျီပတ်လမ်း ၂မိုင် ၅ ဖာလုံကို ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ခဲ့သည်။ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် စိုက်ပျိုးရေးဇုန် အဝင်လမ်း ၅မိုင် ၂ဖာလုံကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ လှည်းကူးမြို့နယ် အမှတ်(၃)ပြည်ခိုင်ဖြိုးကျောင်းရှေ့ ၅မိုင် ၃ဖာလုံကို ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း၊ ပြည်ခိုင်ဖြိုးကျောင်း ငါးဆူတောင်လမ်း အရှည် ၃ မိုင် ၆ ဖာလုံကို ကတ္တရာလမ်းအဖြစ်လည်းကောင်း ဖောက်လုပ်ပြီးစီးခဲ့သည်။

လျာထားချက်ကျော်လွန်

စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြနှင့်ကျေးလက်ဒေသ အချိုးညီညီတိုးတက်ဖွံ့ဖြိုးလာစေရေး၊ မြို့ရွာများ အမြန်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ လမ်းဟောင်းများ အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ရေးကို ဆောင်ရွက်လျက်ရှိရာ လမ်းများအဆင့်မြှင့်ခြင်းကို မူလလျာထားချက်ထက်ကျော်လွန်၍ ၁၄၀ ရာခိုင်နှုန်း၊ လမ်းသစ်ဖောက်လုပ်ခြင်းကိုလည်း မူလလျာထားချက်ထက်ကျော်လွန်၍ ၁၂၁ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်ကကျခံ

လမ်းများအဆင့်မြှင့်ခြင်း၊ လမ်းအသစ်ဖောက်လုပ်ခြင်းတို့အတွက် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ငွေကျပ် ၁၀၀၂ဒသမ ၄၄၅ သန်း အကုန်အကျခံပြီး တိုင်းရင်းသားပြည်သူများထံမှ ငွေကျပ် ၂၇ဒသမ ၉၈၀ သန်းပါဝင်ကာ နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၃၀၉၂ ဒသမ ၈၆သန်း အကုန်အကျခံ သုံးစွဲခဲ့သည်။

စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြ၊ ကျေးလက်လမ်း တံတားများကို အစွမ်းကုန်ကြိုးပမ်း၍ ဆက်သွယ်သွားလာရေး ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိရာ ကျေးလက်ပြည်သူများအပါအဝင် တိုင်းရင်းသားပြည်သူများသည် သွားရေးသာ၍ လာရေးဖြောင့်ကာ လွယ်ကူလျင်မြန်စွာ သွားလာရောင်းဝယ် ဖောက်ကားနိုင်ကြပြီဖြစ်သည်။

စိတ်ချမ်းမြေ့စွာသွားလာနိုင်

ကျေးရွာချင်းဆက် ကျေးလက်လမ်းများ၊ မြို့နယ်ပတ်လမ်းများ၊ ခရိုင်ပတ်လမ်းများဖောက်လုပ်ပေးသဖြင့် တစ်ရွာနှင့် တစ်ရွာ၊ တစ်မြို့နှင့်တစ်မြို့ သွားလာဆက်သွယ်မှု လွယ်ကူကာ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီ၊ ကားကြီး၊ ကားငယ်အသွယ်သွယ်ဖြင့် စိတ်သွားတိုင်း ကိုယ်ပါလိုရာ ခရီးကို အချိန်တိုအတွင်း သွားလာနေနိုင်ကြပြီဖြစ် သည်။ ဤသို့ဖြင့် တိုင်းရင်းသားပြည်သူနှင့် ကျေးလက်ပြည်သူများအကြား လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ကာ ပြည်ထောင်စုစိတ်ဓာတ်ကိုပါ ရှင်သန်စေခဲ့ပြီဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ဦးစီးဌာနများ၏ ရုံးချုပ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (လဝက)

ပြည်နယ်၊ တိုင်းများတွင် နိုင်ငံသားဆိုင်ရာကိုယ်ရေးအချက်အလက်များ ကွန်ပျူတာစနစ်ဖြင့်ရေးသွင်းဆောင်ရွက်ရေး ဝန်ကြီးဗိုလ်ချုပ်စိန်ထွားမှာကြား

ရန်ကုန် ဇွန် ၂၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဦးစီးဌာနများ၏ ရုံးချုပ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ ဝန်ထမ်းများအား ယနေ့နံနက် ၁၀ နာရီတွင် မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဝန်ထမ်းများ၏ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်ပိုင်း၊ လိုက်နာရမည့်စည်းကမ်းပိုင်း၊ ခံယူထားရှိရမည့် စိတ်ဓာတ်ပိုင်းများနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားဆွေးနွေးသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာနရှိ ကွန်ပျူတာဌာနတွင် ဆောင်ရွက်နေသော လူဦးရေဆိုင်ရာစစ်တမ်း၊ စီမံချက်လုပ်ငန်း(Data) ရေးသွင်းမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၁၁နာရီခွဲတွင် ကုန်သည်လမ်းနှင့် လမ်း ၄၀ ထောင့်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဌာနခွဲသို့ ရောက်ရှိပြီး ဝန်ထမ်းများ လုပ်ငန်းတာဝန်၊ စည်းကမ်း၊ စိတ်ဓာတ်ပိုင်းဆိုင်ရာများအား ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်နယ်၊ တိုင်းအသီးသီးမှ နိုင်ငံသားဆိုင်ရာ ကိုယ်ရေးအချက်အလက်များအား ထိန်းသိမ်းထားရှိသည့် မှတ်တမ်းခန်းအား ကြည့်ရှုစစ်ဆေးပြီး မှတ်တမ်းများလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ဖြစ်သည့် ရေဘေး၊ မီးဘေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းရေးအတွက် စီမံချက်များရေးဆွဲပြီး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရှိရေး၊ မှတ်တမ်းများအား ကွန်ပျူတာစနစ်ဖြင့် ရေးသွင်းထိန်းသိမ်းခြင်းလုပ်ငန်းကို အမြန်ဆုံးပြီးစီးအောင်ရေးသွင်းဆောင်ရွက်ရေး တို့ကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းအတွင်းရှိ မီးသတ်စခန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၂ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် မီးသတ်စခန်း ပဲခူးတိုင်း(အနောက်) လူမှုဝန်ထမ်းဦးစီးဌာန အောက်ရှိ ပြည်မြို့မူလတန်းကြိုကျောင်းနှင့် တိုင်းလူမှုဝန်ထမ်းဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာလူငယ်များ ပြုစုပျိုးထောင်ရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၃ ရက်တွင် တောင်တွင်းကြီး မီးသတ်စခန်း၊ ရမည်းသင်း မီးသတ်စခန်း၊ ပျော်ဘွယ်မီးသတ်စခန်း၊ မိတ္ထီလာမီးသတ်စခန်းနှင့် မိတ္ထီလာမူလတန်းကြိုကျောင်းများသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနများဖြစ်သည့် ကလေးပြုစုရေးဌာန၊ အမျိုးသမီးကလေးများသင်တန်းကျောင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၆-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ကဗျာပန်းဉယျာဉ်
၈း၁၅	၆။	နှောင်းခေတ်တေးပဒေသာ
၈း၃၀	၇။	International News
၈း၄၅	၈။	Grannar made Easy
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၆း၄၅	၄။	အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသားရိုးရာအစားအစာ(ရှမ်း)
၁၆း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၀	၆။	မြန်မာစာ၊ မြန်မာစကား (အပိုင်း-၆)
၁၇း၂၅	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၁၅	၈။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၂)
၁၈း၃၀	၉။	ညနေခင်းသတင်း
၁၉း၀၀	၁၀။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၁။	သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉း၂၀	၁၂။	ကြေးမုံရိပ်သွင်တေးနှယဉ်
၁၉း၃၅	၁၃။	ကျေးလက်ဒေသတစ်ခွင်အလှဆင်
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၅၄)
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	အစီအစဉ်ပြီး၏။

၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ဆုပေးပွဲကို ဇွန် ၂၃ ရက်က အထက(၂)လသာတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်ကအမှာစကားပြောကြားစဉ်။ (က-ပ)



မိုးရေချိန်စံချိန်သစ် မချမ်းဘောမြို့၌တင်

ရန်ကုန် ဇွန် ၂၈

ဇွန်၂၈ရက် မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲတွင် မချမ်းဘောမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၈၆မီလီမီတာ (၇ဒသမ၃၂လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၂၁နှစ်အတွင်း ဇွန်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်ကြောင်းသိရသည်။ ယခင်စံချိန်ဟောင်းမှာ ၁၆၈မီလီမီတာ (၆ဒသမ ၆၂လက်မ)ဖြစ်ပြီး ၁၉၈၉ခုနှစ် ဇွန်လ ၂၇ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

နာမည်ကြီးအသင်းများ ဖြစ်ကြသော အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီနှင့်စပိန်တို့ ပြိုင်ပွဲမှထွက်သွားကြရပြီဖြစ်သော်လည်း ဟော်လန်နှင့် ချက် အကြိုဗိုလ်လုပွဲ တက်လာ၍ ဘောလုံးဝါသနာရှင်များ စိတ်ကျေနပ်မှု အတော်အတန်ရရှိခဲ့ကြသည်။

ဒုတိယအကြိုဗိုလ်လုပွဲ စဉ်

ဇူလိုင် ၂ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ၁၅ မိနစ်တွင် ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ချက်အသင်းနှင့် ဂရိအသင်းတို့သည် ပေါ်တိုမြို့ရှိ ပေါ်တိုကလပ်ပိုင် Estadio da Dragao ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ချက်အသင်း

ချက်အသင်းသည် လေးပွဲကစားရာတွင် ၁၀ ဂိုးသွင်းယူနိုင်ခဲ့ပြီး လေးဂိုးသာအသွင်းခံခဲ့ရသည်။ ချက်အသင်းအတွက် မီလန်ဘားရို့စ် တစ်ဦးတည်းက ငါးဂိုးသွင်းပြီး ဂျန်ခိုလာနှင့် ဟိန့်ဇ်တို့က နှစ်ဂိုးစီနှင့် စမိုက်ဆာက တစ်ဂိုးသွင်းယူပေးခဲ့သည်။ချက်အသင်းသည် ပွဲတိုင်း ဂိုးသွင်းနိုင်ခဲ့ပြီး တစ်ပွဲလျှင် အနည်းဆုံး နှစ်ဂိုး သွင်းယူခဲ့သည်။

လူစုံပါဝင်မည်

ချက်အသင်းသည် အုပ်စုပွဲစဉ်မှ ကွာတားဖိုင်နယ်ပွဲစဉ်အထိ အနီကတ်ပြခံရသူမရှိဘဲ အဝါကတ်ပြခံရသူများသာရှိသည်။ ချက်အသင်းမှ နက်ဗက်၊ ဂလာဆက်ခ်၊ ရိုမန်တိုင်စ်၊ ဂျန်ကူလော့စကီးနှင့် အူဖလက်စီတို့ အဝါကတ်တစ်ကြိမ်စီသာရှိထား၍ ဆီမီးဖိုင်နယ်တွင် လူစုံပါဝင်ကစားခွင့်ရမည် ဖြစ်သည်။

ဂရိအသင်း

ဂရိအသင်းသည် အုပ်စုပွဲစဉ်မှ ကွာတားဖိုင်နယ်အထိ လေးပွဲကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည်။ အိမ်ရှင်ပေါ်တူဂီကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး စပိန်နှင့် တစ်ဂိုးစီ သရေကျကာ ရုရှားကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးခဲ့သည်။ ကွာတားဖိုင်နယ်တွင် ပြင်သစ်ကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လေးပွဲတွင် ငါးဂိုးသွင်းယူခဲ့ပြီး လေးဂိုး အသွင်းခံခဲ့ရသည်။ ဂရိအသင်းအတွက် အန်ဂျလိုခရစ္စတီးက နှစ်ဂိုး၊ ဗရီဇတ်စ်၊ ကာရာဂူးနစ်နှင့် ဘာဆီနက်စ်(ပယ်နယ်တီ)တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။

ပွဲပယ်ခံရမည်

ဂရိအသင်းမှ အထူးအားထားရသော အလယ်တန်းလူ ဇာဂိုရာကစ်သည် စပိန်နှင့်ပွဲတွင် အဝါကတ်ထိခဲ့ပြီး ကွာတားဖိုင်နယ်၌ ပြင်သစ်နှင့် ကစားရာတွင် အဝါကတ် ပြခံရသောကြောင့် နှစ်ဝါအနီဖြင့် ပွဲပယ်ခံရမည်ဖြစ်သည်။ ဂရိအသင်းမှ ဖီဆက်၊ ဆီထရိုက်ဒစ်၊ ဂီယန်နာကိုပိုလက်စ်၊ ကော့တက်စ်နှင့် ဇာဂိုရာကစ်တို့ အဝါကတ်များ ပြခံထားရသည်။

ခံစစ်၊တိုက်စစ်

ချက်အသင်း ကစားဟန်နှင့် ဂရိအသင်း ကစားဟန်မှာ မတူညီဘဲ သူ့နည်းသူ့ဟန်ဖြင့် အလုပ်ဖြစ်နေသည်။ ချက်အသင်းက တိုက်စစ်ဦးစားပေးပြီး ပွဲအစအဆုံး တိုက်စစ်ကစားကွက်ဖြင့်သာ ကစားလေ့ရှိသည်။ ဂရိအသင်းက ခံစစ်ကစားပြီး တောင်ပံတိုက်စစ်ဖြင့် ဂိုးရှေ့သို့ အမြင့်ဘောများပေးပို့ကာ အဆုံးသတ်ဂိုးသွင်းယူလေ့ရှိသည်။ ဂရိအသင်း၏ကစားဟန်မှာ ဒိန်းမတ်အသင်းကစားဟန်နှင့် ဆင်တူယိုးမှားဖြစ်သော်လည်း ဂရိနောက်တန်းလူများက ပို၍ကျစ်လျစ်သိပ်သည်းမှုရှိသည်။

ချက်နှင့်ဂရိပွဲစဉ်သည် တိုက်စစ်နှင့် ခံစစ်အားပြိုင်ရမည့်ပွဲဖြစ်လာနိုင်သည်။ ချက်အသင်းက ပိုဘော့စကီး၊နက်ဗက်နှင့် ဂျန်ခိုလာတို့လို ခြေစွမ်းထက်မြက်သော သမ္ဘာရင့်များနှင့် ရိုဆစ္စကီး၊ မီလန်ဘားရို့စ်နှင့် ဟိန့်ဇ်တို့လို အရည်အသွေးကောင်းသော လူငယ်ခြေတက်များကို အတွဲအဖက်မိအောင်ပေါင်းစပ်ထားသည်။ ချက်အသင်းတိုက်စစ်ဆင်လျှင် တစ်ဖက်နောက်တန်း တောင့်ခံနိုင်စွမ်းမရှိပေ။ ချက်အသင်းသည် ဂျာမနီ၊ ဟော်လန်၊ ဒိန်းမတ်တို့လို အသင်းများကိုပင် ထိုးဖောက်ဂိုးသွင်းယူနိုင်ခဲ့သည်ကို ကြည့်လျှင် တိုက်စစ်အား မည်မျှထက်မြက်သည်ကို သိနိုင်သည်။

ဂရိအသင်းသည် ဂိုးသွင်းစွမ်းရည် မကောင်းလှသော်လည်း နောက်တန်းခံစစ် ကောင်းမွန်သောကြောင့်သာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ စပိန်နှင့် ပေါ်တူဂီတို့လို တိုက်စစ်အားကောင်းသော အသင်းများပင်လျှင် ဂရိကို တစ်ဂိုးစီသာသွင်းနိုင်ခဲ့သည်။ ပြင်သစ်မှ ဇီဒန်း၊ အွန်နရီ၊ ထရက်ဇီဂေး၊ ရောဘတ် ပီရက်စ်တို့လို တိုက်စစ်အားသန်သော ဘောလုံးသမားများပင်လျှင် ဂရိအသင်းနောက်တန်းကိုကျော်ပြီး ဂိုးရအောင် မသွင်းနိုင်ခဲ့ကြပေ။ လက်ရှိ အကြိုဗိုလ်လုပွဲရောက် လေးသင်းအနက် ဂရိအသင်းသည် နောက်တန်းအင်အားအတောင့်တင်းဆုံးဖြစ်သည်။

ဂရိစိတ်ဓာတ်

ဘတ်ဆီနက်စ်၏ ဖန်တီးနိုင်မှု၊ ဂီယန်နာကိုပိုလက်စ်၏ ထက်ထက်မြက်မြက် ထိုးဖောက်ကစားနိုင်မှုနှင့် အန်ဂျလိုခရစ္စတီး၏ ဂိုးသွင်းစွမ်းရည်တို့သည် ဂရိအသင်း၏အရေးပါသည့် စွမ်းအားများဖြစ်သည်။ ဂရိအသင်း၏ အောင်မြင်မှုသော့ချက်မှာ နောက်တန်းခံစစ်ကြောင်း စုစည်းကျစ်လျစ်မှုနှင့် စည်းကမ်းကျနစွာ ကစားတတ်မှုတို့ဖြစ်သည်။ ဂရိတို့၏မာကျောသော စိတ်ဓာတ်ကို ဂျာမနီနည်းပြက ဂျာမန်ကစားဟန်နှင့် ပေါင်းစပ်ပေးထားခြင်း ပင်ဖြစ်သည်။

ချက်စိတ်ဓာတ်

ဂရိစိတ်ဓာတ် မာကျောသကဲ့သို့ ချက်စိတ်ဓာတ်ကလည်း သံမဏိစိတ်ဓာတ်ပင်ဖြစ်သည်။ ပွဲမစမီ နိုင်ငံတော်သီချင်း သီဆိုနေသည့် ချက်ဘောလုံးသမားများ၏ မျက်နှာသွင်ပြင်ကို ကြည့်ရသည်မှာ အားမာန်ပါလှပြီး ပြိုင်ဘက်ကို ထိမထင်ဘဲ အနိုင်ရရှိရေးအတွက် အရိုးကြေကြေ အရေခန်းခန်း ကစားမည့်သွင်ပြင်မျိုးတွေ့ရသည်။

ပြင်သစ်အသင်းနှင့် အီတလီအသင်းတို့သည် ဗိုလ်စွဲနိုင်သည့် ခြေစွမ်းနှင့် ကစားသမားကောင်းများ ပါဝင်သော်လည်း ချက်အသင်းကဲ့သို့ Fighting Spirit မရှိသောကြောင့် ပြိုင်ပွဲမှ ထွက်သွားရခြင်းဖြစ်သည်။

လူကောင်ထွားကျိုင်းပြီး တောင့်တင်းမာကျောလှပါသည်ဆိုသည့် ဒိန်းမတ်အသင်းသည် ချက်အသင်း၏လျင်မြန်ပြီး အားပါသောတိုက်စစ်နှင့် ရင်ဆိုင်ရသောအခါ ပုံပျက်ပန်းပျက်ဖြစ်သွားခဲ့ရသည်။ ချက်အသင်းမှ လေးပွဲတွင် ငါးဂိုးသွင်းထားပြီး ဂိုးသွင်းဘုရင်ဆုချိန်နေသည့် တိုက်စစ်မှူး မီလန်ဘားရို့စ်၊ အသင်းခေါင်းဆောင် နက်ဗက်၊ ပိုဘော့စကီး၊ ဂျန်ခိုလာနှင့် ရိုဆစ္စကီးတို့သည် ကမ္ဘာ့အဆင့်မီ ဘောလုံးသမားများဖြစ်ကြသည်။

နှိုင်းယှဉ်သုံးသပ်ရသော်

ချက်နှင့် ဂရိတို့၏ ကစားသမားအင်အားကို နေရာအလိုက်နှိုင်းယှဉ်သုံးသပ်မည်ဆိုလျှင် ချက်ဂိုးသမား ပီတာဆက်ချ်နှင့် ဂရိဂိုးသမား နီကိုပိုလိုင်ဒစ်တို့ လက်ရည်မကွာကြဘဲ အစွမ်းပြနိုင်ကြသော ဂိုးသမားကောင်းများဖြစ်ကြသည်။ဒိန်းမတ်နှင့်ပွဲ၌ ချက်ဂိုးသမား ပီတာဆက်ချ် အစွမ်းပြနိုင်သလို ပြင်သစ်နှင့်ပွဲတွင် ဂိုးသမားနီကိုပိုလိုင်ဒစ် အစွမ်းပြနိုင်ခဲ့ကြ၍ ဂိုးသွင်းမခံခဲ့ရခြင်းဖြစ်သည်။

နောက်တန်းအားတွင် ဂရိက သာသည်။ ဂရိနောက်တန်းမှ ဒဲလက်စ်၊ ဖီဆက်၊ ကက်ဆစ်၊ ဆီထရိုက်ဒစ်နှင့် ဗင်နစ်တိုက်ဒစ်တို့ အချင်းချင်း နားလည်မှုရှိပြီး အမြင့်ဘောရော၊ အောက်ဘောပါ ရှင်းထုတ်နိုင်သည်။ ဂရိနောက်တန်းလူများသည် ခြေလက်နှင့် ခေါင်းလည်းမလာဆိုသည့် အစားမျိုးဖြစ်သည်။တစ်ဖက်ရှေ့တန်းက မည်သို့လူခေါ်ကစားပြီး မျှားထုတ်ထုတ် ထွက်လိုက်လာသူများမဟုတ်ကြပေ။ ချက်နောက်တန်းသည် အကောင်းကြီးမဟုတ်ဘဲ အုပ်စုပွဲများတွင် ပွဲတိုင်းဂိုးပေးခဲ့ရသည်။

ချက်နောက်တန်းမှ ဂရိုင်ဂျီယာ၊ အူဖလက်စီ၊ ဂျန်ကူလော့စကီးနှင့် ဘောလ်ဖ်တို့ အတွေ့အကြုံများကြ၍ ဂရိ၏တန်ပြန်တိုက်စစ်ဖြင့်ထိုးဖောက်မှုကို အငိုက်မမိနိုင်ကောင်းဟု ထင်မိသည်။

အလယ်တန်း၌ ချက်က အပြတ်သာနေသည်။ ဂရိအသင်းက ကွင်းလယ်ဗဟိုကို မစိုးမိုးနိုင်ဘဲ တောင်ပံများသို့ ကန့်လန့်ဖြတ်ဘောများပို့ကာ ထိုး ဖောက်မည်ဖြစ်သည်။ ချက်အလယ်တန်းမှ နက်ဗက်၊ ပိုဘော့စကီး၊ ရိုဆစ္စကီးနှင့် ဂလာဆက်တို့ ကောင်းကောင်း မွှေနှောက်ကစားသွားနိုင်သည်။ ချက်အသင်း၏အဓိကအားမှာ ရှေ့တန်းဖြစ်သည်။ချက်အသင်း၏ လျင်မြန်မှုနှင့် အားပါသော ဂျန်ခိုလာနှင့် မီလန်ဘားရို့စ် တိုက်စစ်အတွဲကို ဂရိနောက်တန်း ထိန်းနိုင်မည်မထင်ပေ။ မီလန် ဘားရို့စ်အဆုံးသတ်ပိုင်နိုင်ပြီး ကြံ့သလိုဂိုးသွင်းနိုင်သည်ဖြစ်ရာ ဂရိနောက်တန်း ခံစစ်ချည်းကစားနေလျှင် တစ်ချိန်မဟုတ်တစ်ချိန် ဂိုးပေးရမည်ဖြစ်သည်။

ချက်အလေးသာ

ပြင်သစ်ကိုအနိုင်ရပြီးနောက် ဂရိကို အိမ်ရှင်ပေါ်တူဂီနှင့် ဗိုလ်လုပွဲ၌ ပြန်တွေ့နိုင်သည်ဟု ခန့်မှန်းသူများပင်ရှိလာသည်။ ဂရိအသင်းကို အသင်းကောင်းတစ်သင်းဟု လက်ခံသော်လည်း ခံစစ်၊ တိုက်စစ် မမျှတသဖြင့် ဗိုလ်လုပွဲအဆင့် မရောက်နိုင်ဟု ထင်မိသည်။ ဂျာမနီအသင်းကို ချက်က အရန်ဖြင့်ကစားပြီး အနိုင်ကစားခဲ့သည်ကို ဂရိနည်းပြဆရာ ဂျာမနီလူမျိုး အော့တိုရီဟာဂျယ် မစဉ်းစားမိဘဲနေမည် မဟုတ်ပေ။ ချက်နှင့်ဒိန်းမတ်ပွဲကို အော့တိုရီဟာဂျယ် ပွဲကြည့်စင်ပေါ်မှ လာရောက် ကြည့်ရှုသွားသည်ကို တွေ့လိုက်ရသည်။ဒိန်းမတ် အနိုင်ရပါစေဟု အော့တိုရီဟာဂျယ်ဆုတောင်းကောင်း တောင်းနေပေလိမ့်မည်။

မမျှော်လင့်ဘဲ ဒိန်းမတ်က ချက်ကိုနိုင်ပြီး အကြိုဗိုလ်လုပွဲတက်လာလျှင် ဂရိ ကစားရပို၍ ချောင်နိုင်သည်။ သို့သော် ချက်တက်လာသောအခါ ဂရိအသင်း ဆီမီးနှင့်ရပ်တန့်သွားဖွယ်ရှိသည်။ အော့တိုရီဟာဂျယ်က ယူရို ၂၀၀၄ တွင် ဟော်လန်နှင့် ချက်ကို အကြိုက်ဆုံးဟု ပြောခဲ့သည်။ ခုတော့ ဟော်လန်ကိုနိုင်ခဲ့သော၊ ဂျာမနီကို နိုင်ခဲ့သော ရှုံးပွဲမရှိ ချက်နှင့်ဂရိ တည့်တည့်တိုးလေပြီ။ ပြင်သစ်အသင်းလို ချက်တို့ အချိန်ကုန်ခံနေမည် မဟုတ်ပေ။ ပွဲစသည်နှင့် ချက်တို့ တစ်ဟုန်ထိုး တိုက်စစ်ဆင်မည်ဖြစ်သည်။

စာရေးသူအနေဖြင့် ချက်၏ ထက်မြက်လှသောတိုက်စစ်အဟုန်က တောင့်တင်းလှပါသည်ဆိုသော ဂရိနောက်တန်းကို အကြိမ်ကြိမ် ဖောက်ထွက်ပြီး ဂိုးသွင်းယူကာ အနိုင်ကစားပြသွားမည်ဟု မြင်ယောင်မိပေသည်။ ။

(မြန်မာ့အလင်း)

ချက်နှင့်ဒိန်းမတ်တို့၏ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ချက်အသင်းအတွက် တတိယဂိုးကို တိုက်စစ်မှူး မီလန်ဘားရို့စ်က သွင်းယူလိုက်ရာ ဒိန်းမတ်ဂိုးသမား လက်နှင့်ထိပြီး ဣသို့ဂိုးဝင်သွားသည်။ (ဓာတ်ပုံ–အင်တာနက်)

ပိုက်ကျော်ခြင်းအလွတ်တန်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ ILBC ကျောင်းမှ တာဝန်ယူ ကျင်းပသည့် အိုလံပစ်နေ့ အထိမ်းအမှတ် ILBC Cup အမျိုးသားပိုက်ကျော်ခြင်း(အလွတ်တန်း) ပြိုင်ပွဲနှင့်ဖွင့်ပွဲကို ဇွန် ၂၇ ရက် နံနက် ၈ နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းအားကစားရုံတွင် ကျင်းပရာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်နိုင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဉာဏ်ထွန်း (ညွှန်ကြားရေးမှူး၊ အား/ကာ)၊ ဦးတင်မောင်ဝင်း(ILBC)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း(ILBC)က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲ လက်ရွေးစင်တန်းပြိုင်ပွဲတွင် ပဏာမ အမျိုးသားလက်ရွေးစင်အသင်းလေးသင်း၊ အမျိုးသမီးပဏာမလက်ရွေးစင်အသင်း လေးသင်း၊ စုစုပေါင်း ရှစ်သင်း၊ ILBC ဖလားအမျိုးသား(အလွတ်တန်း) ပြိုင်ပွဲဝင် အသင်းပေါင်း ၄၀ အား အုပ်စုတစ်စုလျှင် ငါးသင်းစီ ပါဝင်သော အုပ်စုရှစ်အုပ်စုကို ပတ်လည် အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်လျက်ရှိသည်။ ဇွန် ၂၈ ရက်အထိ ပွဲပေါင်း ၆၀ ကျင်းပပြီးစီးပြီဖြစ်သည်။

မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်အနေဖြင့် ယခုကဲ့သို့ ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ မျိုးဆက်သစ်လူငယ်များပေါ်ထွက်လာရေး၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားမောင်မယ်များ ပြိုင်ပွဲအတွေ့အကြုံများများ ရရှိရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲများကို ဇူလိုင် ၂ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ စတင်ကျင်းပလျက်ရှိရာ မြန်မာ့ပိုက်ကျော်ခြင်းဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အမျိုးသား ပိုက်ကျော်ခြင်း အလွတ်တန်း ပြိုင်ပွဲတွင် သောကမဲ့အသင်းနှင့် Virus အသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (မြန်မာ့အလင်း)

ချက်က ဒိန်းမတ်ကို ဂိုးပြတ်အနိုင်ရရှိ ဂရိနှင့် အကြိုဗိုလ်လုပွဲကစားရမည်

ရန်ကုန် ဇွန် ၂၈

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (Euro-2004) ကို ပေါ်တူဂီနိုင်ငံ၌ကျင်းပလျက်ရှိရာ ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်သည်။ ဇွန် ၂၈ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ကွာတားဖိုင်နယ်ပွဲစဉ်(၄)အဖြစ် ချက်အသင်းနှင့် ဒိန်းမတ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ချက်အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီးအကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

ချက်အသင်းသည် ပွဲစသည်နှင့် လျင်လျင်မြန်မြန်ဖြင့်တိုက်စစ်ဖွင့်ကစားရာ ဒိန်းမတ်အသင်း ကစားကွက်တည်မရဘဲဖြစ်နေသည်။ ချက်တိုက်စစ်မှူး မီလန်ဘားရို့စ်ကို ဒိန်းမတ်နောက်တန်း ခက်ခက်ခဲခဲထိန်းနေရသည်။ပွဲစပြီး သုံးမိနစ်အကြာ၌ ဒိန်းမတ်အသင်း ပယ်နယ်တီဧရိယာအပြင်ဘက်၌ အလွတ်တည်ကန်ဘောရရှိရာ နက်ဗက်ကန်သွင်းသည့်ဘောလုံးကို ဒိန်းမတ်ဂိုးသမား ဆိုရင်ဆင်လုံအိပ်ကာကွယ်နိုင်ခဲ့သည်။ ပထမပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြဘဲ သရေပွဲဖြစ်နေသည်။

အဖွင့်ဂိုး

ဒုတိယပိုင်းတွင် ချက်အသင်းကစားကွက်ပိုကောင်းလာပြီး ဒိန်းမတ်အသင်းဘက်ကို ဖိကစားထားနိုင်သည်။ ဒုတိယပိုင်းပြန်စပြီး မကြာမီ ပွဲချိန် ၄၉ မိနစ် ပိုဘော့စကီး ကန်တင်ပေးသည့် ထောင့်ကန်ဘောမှတစ်ဆင့် တိုက်စစ်မှူး ဂျန်ခိုလာက ခေါင်းတိုက်သွင်းယူနိုင်သဖြင့် ချက်အသင်း ပထမဂိုးရရှိသွားသည်။ ဂိုးပေးလိုက်ရပြီးနောက် ဒိန်းမတ်အသင်းကစားအား တင်သော်လည်း ကစားကွက်မရှိဘဲဖြစ်နေရာ ချက်အသင်းက ခြေအသာစီးမှကစားနေသည်။

နှစ်ဂိုးဆက်တိုက်သွင်း

ချက်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် ညာခြမ်းမှ ပိုဘော့စကီး ဘောလုံးသယ်လာပြီး အနေတော်ထိုးပေးသည့်ဘောလုံးကို မီလန်ဘားရို့စ်က ဒိန်းမတ်နောက်တန်းလူများကြားမှပြေးထွက်သွားပြီး ဂိုးသမားထွက်လာစဉ် ကျော်ကန်သွင်းယူ၍ ရရှိသွားသည်။ တတိယဂိုးကို ဆက်တိုက်ဆိုသလို သွင်းယူခဲ့ရာ ပွဲချိန် ၆၅ မိနစ်တွင် အသင်းခေါင်းဆောင် နက်ဗက်ထိုးပေးသည့်ဘောလုံးကို မီလန်ဘားရို့စ်ကပင် ဆွဲယူသွားပြီး အဝေးမှ ဘယ်ခြေဖြင့် ကန်သွင်းယူခြင်းဖြစ်သည်။

ဒိန်းမတ်အသင်းနှင့် ဆွီဒင်အသင်းတို့သည် အုပ်စုနောက်ဆုံးပွဲစဉ်၌ နှစ်ဂိုးစီ ညှိကစားသည်ဟု သံသယရှိစရာဖြစ်ခဲ့ရာ ယခုအခါ၎င်းတို့နှစ်သင်းစလုံး ကွာတားဖိုင်နယ်အဆင့်မှပင်ထွက်သွားရပြီဖြစ်သည်။ ချက်အသင်းသည် အကြိုဗိုလ်လုပွဲစဉ်၌ ဂရိအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အင်းလေးဖောင်တော်ဦးဘုရားများနှင့်ရွှေဟောင်းရုပ်ပွားတော်များ ပင့်ဆောင်ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်၊ စာအောင်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်များနှင့် ရွှေဟောင်းရုပ်ပွားတော်များအား စံကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်ပူဇော်ပွဲ၊ ၁၃၆၆ခုနှစ် အစိုးရပထမပြန်စာမေးပွဲ စာအောင်သံဃာ အပါး၄၀ ဂုဏ်ပြုပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၄ရက် (ပထမဝါဆိုလပြည့်ကျော် ၃ရက်)နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် ဓမ္မဒေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါကျောင်းတိုက်၌ ပုရိမဝါကပ်တော်မူကြကုန်သော သံဃာတော်အပါး၂၀၀ကျော်တို့အား ဝါဆိုသင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ကပ်လှူပူဇော်မည်ဖြစ်ကြောင်းနှင့် လှူဒါန်းလိုသူများသည် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် ဓမ္မဒေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအကျိုးဆောင်အဖွဲ့ ဖုန်း-၆၉၉၁၆၃၊ ၆၃၅၉၇၆နှင့် ၀၉-၅၀-၁၁၂၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည်မြဝတီသာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြမည့် မြဝတီဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသ(မဟာကမ္မဋ္ဌာနာစရိယ) အမှူးရှိသောဆရာတော်သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၃ရက် (စနေနေ့) နံနက်၈နာရီတွင်ကျင်းပမည်ဖြစ်ရာ မြဝတီသာသနာ့ရိပ်သာ ဖုန်း-၅၇၂၆၆၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၅၂)**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မှတ်သားဖွယ် မိုးရေချိန်

၂၈-၆-၂၀၀၄

ရန်ကုန်မြို့လယ်	၀ ဒသမ ၄ လက်မ
ကမ္ဘာအေး	၀ ဒသမ ၈ လက်မ

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ် နှစ်(၁၀၀)ပြည့်ဂုဏ်ထူးဆောင်ဆု မြန်မာနိုင်ငံမှ ဆရာကြီးဦးစိန်လှိုင်(လက်ရွေးစင်ဟောင်း)ရရှိ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ယမန်နေ့ ညနေ၄နာရီက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)တွင် ကျင်းပသည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ဆရာကြီးဦးစိန်လှိုင်(လက်ရွေးစင်ဟောင်း)အား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ဂုဏ်ထူးဆောင် ဆုတံဆိပ်ချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် အမှုဆောင်များ၊ ဆရာကြီး ဦးစိန်လှိုင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ထူးဆောင် ဆုတံဆိပ်နှင့် မြန်မာနိုင်ငံ ဘောလုံးဖောင်ဒေးရှင်းမှ ချီးမြှင့်သည့် ငွေကျပ်ငါးသိန်းတို့ကို ဝန်ကြီးကပေးအပ်ရာ ဆရာကြီး ဦးစိန်လှိုင်**(အပေါ်ပုံ)**က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(မြန်မာ့အလင်း)

ရခိုင်ပြည်နယ်လေပြင်းဒဏ်ခံရသူများအတွက် အလှူငွေများပေးအပ်

ရန်ကုန် ဇွန် ၂၈

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်မှ လေပြင်းဒဏ်ခံကြရသူများအတွက် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းက အလှူငွေများ ပေးအပ်ပွဲကို ဇွန် ၂၆ရက် နံနက်၁၀နာရီတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် အရာထမ်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အရာထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များက လှူဒါန်းရခြင်းအကြောင်းပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးထံ ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းဦးဆောင်ညွှန်ကြားရေးမှူး Dr.Su Weong Yang က အလှူငွေအမေရိကန်ဒေါ်လာ၅၀၀၀ ပေးအပ်ရာညွှန်ကြားရေးမှူးချုပ်ကလက်ခံသည်။**(အောက်ပုံ)** ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။**(သတင်းစဉ်)**

လမ်း ၅၀ ဓမ္မမာမကဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားနာယူနိုင်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် လမ်း၅၀ အောက်လမ်းသွယ်ရှိ ဓမ္မမာမကဓမ္မာရုံတွင် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းမှ စီစဉ်ကျင်းပသည့် မိုးကုတ်ဝိပဿနာတရားပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် ပဓာန နာယကဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးကုတ်ဓမ္မကထိက ဘဒ္ဒန္တမာလာစာရ(ဓမ္မာစရိယ)အရှင်သူမြတ်က ပဋိစ္စသမုပ္ပာဒ်တရားတော်များကို ဇွန်၂၈ရက်မှ ဇူလိုင်၄ရက်အထိ ဟောကြားပြသလျက်ရှိရာ ညစဉ်တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက် အားကစားသမားများ ပေါ်ထွက်လာရေးအတွက် (၅)ကြိမ်မြောက် Han Golf Masters မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၁ရက်တွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် ၉မိုင် ပြည်လမ်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်(၈-၁၀)နှစ်သက်တန်း၊ အသက်(၁၁-၁၂)နှစ်သက်တန်း၊ အသက်(၁၃-၁၄)နှစ်သက်တန်း၊ အသက်(၁၅-၁၇)နှစ်သက်တန်းနှင့် အမျိုးသမီး အသက်(၁၈)နှစ်အောက် ပြိုင်ပွဲဟူ၍ အတန်းငါးတန်းခွဲ၍ ကျင်းပမည်ဖြစ်သည်။

အဆိုပါ (၅)ကြိမ်မြောက် Han Golf Masters မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လူငယ်ဂေါက်သီးရိုက်အားကစား မောင်မယ်များသည် ဇွန် ၃၀ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ H.G.M(Pro-Shop) Y.G.C ဖုန်း-၆၃၅၅၆၃၊ Y.C.D.C ဖုန်း-၆၄၁၃၄၁၊ MGC ဖုန်း-၆၆၁၇၀၂ နှင့် Han Event Management Office အမှတ်(၁၅/A) ကမ္ဘာအေးလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၂၉၈၉၊ ၇၂၃၂၂၁ တို့သို့ အမည်စာရင်းပေးသွင်းကြပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇွန် ၂၈

ကာတွန်းမြင့်သိန်း၏ မျက်နှာဖုံးကာတွန်းနှင့် ဆရာသာဂဒိုး၊ ဆရာမင်္ဂလာစျင်အောင်၊ မြေဇာ၊ ဖိုးဉာဏ်၊ သန်လျင်မောင်မောင်ဦး၊ မြမြလှိုင်၊ ဆြာကြီးထိန်၊ မောင်ဉာဏ်ကျယ်၊ ပေရယ်၊ ဏီမှူး၊ သုတေသီ ဆရာငြိမ်း၊ လေရူး၊ ခနလောက်ဇော်၊ သိန်းသိန်း(ကြို့ပင်ကောက်)၊ ကိုပါနီး၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအရေး ရုပ်ရှင်သဘင်ပုံရိပ်တို့ဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၄၇)ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉၊ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်-ကျွန်မတို့၏သားဖြစ်သူ မောင်ဝေဖြိုးအောင် ၇/ပမန(နိုင်)၁၁၈၀၂၅ သည် မိဘတို့အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝများကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ) မိဘများ ဦးဝင်းတင့်အောင်-ဒေါ်ရင်ရင်ဟန်(ကြည့်မြင်တိုင်)



ထားဝယ်တက္ကသိုလ် ပင်မဆောင်ရတနာအုတ်မြစ်စီအခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတက်ရောက်ရတနာအုတ်မြစ်စီပေး

ရန်ကုန် ဇွန် ၂၈

တနင်္သာရီတိုင်း ထားဝယ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ထားဝယ်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၂၃ရက်နံနက်ပိုင်းက တနင်္သာရီတိုင်း ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ်ပင်မဆောင် ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပင်မဆောင်အတွက် ရတနာအုတ်မြစ်ချပေးကာ မွန်းလွဲပိုင်းတွင် ထားဝယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေး၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းစီမံပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ထားဝယ်တက္ကသိုလ်ပင်မဆောင် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား ပထမပိုင်းအစီအစဉ်ကို မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဦးစောလွင်က ထားဝယ်တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ လက်ရှိ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ကျောင်းသားဦးရေနှင့် မြို့နယ်အလိုက်ကျောင်းသားဦးရေ၊ အသုံးပြုလျက်ရှိသော အခန်းများ၊ IT Centre Room များ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ တည်ဆောက်ပြီးအဆောက်အအုံများနှင့် တည်ဆောက်မည့် အဆောက်အအုံများနှင့် စပ်လျဉ်းသည်များကို View Pointer ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ထားဝယ်တက္ကသိုလ်ပင်မအဆောက်အအုံကို တာဝန်ယူတည်ဆောက်နေသော Ever Green Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက တည်ဆောက်မည့်ပင်မဆောင်၏ ဖွဲ့စည်းပုံ ပုံစံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)မှ လက်ထောက်အင်ဂျင်နီယာဦးခင်မောင်သန်းက ထားဝယ်တက္ကသိုလ်တည်ဆောက်ရေးစီမံကိန်း၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံကို ပြည်ထောင်စုနိုင်ငံအဖြစ်တည်ထောင်ခဲ့သော သမိုင်းစဉ်လာတွင် တိုင်းရင်းသားများအားလုံး စုစည်းညီညွတ်စွာ နေထိုင်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သူ့ကျွန်ဘဝမှ တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် လွတ်လပ်ရေးပြန်လည်ရရှိခဲ့သည့် သမိုင်းမှတ်တိုင်လည်းရှိကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးကြောင်း။

ယနေ့ နိုင်ငံတကာ အခြေအနေကို ပြန်ကြည့်လျှင် လူမျိုးရေးအရ၊ ဘာသာရေးအရ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲခဲ့ရသောနိုင်ငံများကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများ မပြိုကွဲဘဲ စည်းလုံးညီညွတ်ကြသော နိုင်ငံများ ရှေ့တန်းရောက်တိုးတက်ဖွံ့ဖြိုးနေသည်ကိုလည်း တွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်းတည်ဆောက်

ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုစည်းညီညွတ်သော စွမ်းပကားဖြင့် အရှိန်အဟုန်မြင့်စွာ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများရရှိနေပြီဖြစ်ရာ မိမိတို့အားလုံးပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ကိုယ်စီအားများဖြင့် ဆက်လက်ကြိုးပမ်းတည်ဆောက်ကြရန်ဖြစ်ကြောင်း။

ချမှတ်ဆောင်ရွက်ပေး

ယနေ့ခေတ်သည် Knowledge Age ခေါ် ပညာခေတ်သို့ ရောက်ရှိနေပြီဖြစ်၍ ပညာခေတ်၏ စိန်ခေါ်မှုများဖြင့်ရင်ဆိုင်နေရကြောင်း၊ မိမိတို့ အနေဖြင့် တိုးတက်ထွန်းကားနေသော နည်းပညာများကို မီအောင်မလိုက်နိုင်လျှင် သူတစ်ပါးတို့၏ ဝါးမျိုမှုကိုခံကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အသိဉာဏ်ပညာပွင့်လင်းရေး၊ Information Technology ခေါ် အိုင်တီနည်းပညာရပ်များ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက် အသုံးချနိုင်ရေးတို့အတွက် နည်းပညာရှာမှီးနိုင်မှုဆိုင်ရာ အစီအမံများကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အတူအခြေခံပညာကျောင်းများ၊တက္ကသိုလ်ကောလိပ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံကျောင်းများကို ဒေသလိုအပ်ချက်နှင့်အညီ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ အဆင့်မြှင့်တင် တိုးချဲ့လုပ်ဆောင်ပေးလျက်ရှိကြောင်း။

မျိုးဆက်သစ်လူငယ်များမွေးထုတ်ပေး

ယခုအခါ ထားဝယ်တက္ကသိုလ်ပင်မဆောင်နှင့် အဆောက်အအုံများကို တိုးချဲ့ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း၊ ယခုအခါ တနင်္သာရီတိုင်းတွင် မြိတ်တက္ကသိုလ်နှင့် ထားဝယ်တက္ကသိုလ်တို့ကို ဖွင့်လှစ်ပေးထားသဖြင့် တိုင်းအတွင်းတွင် တက္ကသိုလ်ပညာရပ်များကို အချိန်ကုန်၊ငွေကုန်မဖြစ်စေဘဲ သင်ယူနိုင်ကြပြီဖြစ်ကြောင်း။ ထိုတက္ကသိုလ်ကြီးများမှ အရည်အချင်းပြည့်ဝသော နိုင်ငံ့မျိုးဆက်သစ် လူငယ်များကို မွေးထုတ်ပေးတော့မည်ဟု ယုံကြည်ကြောင်း။

ဒုတိယပါမောက္ခချုပ်အပါအဝင် ပါမောက္ခများ၊ ကထိကများနှင့်ဆရာဆရာမများအနေဖြင့် နိုင်ငံအတွက် အရည်အသွေးပြည့်ဝသော မျိုးဆက်သစ်လူသားအရင်းအမြစ်များဖြစ်သည့် ကျောင်းသားကျောင်းသူများကို လက်ဆင့်ကမ်းပညာအမွေပေးခြင်း၊ ငြိမ်းချမ်းစွာပညာသင်ကြားနိုင်အောင် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးကို ချစ်သော ဝံသာနုရက္ခိတဟူသော အမျိုးသားရေးစိတ်ဓာတ်တို့နှင့်အတူ ကိုယ်ကျင့် သိက္ခာဖြူစင်ရိုးသား၍ ထကြွလုံ့လရှိသော၊အမျိုးဂုဏ် ဇာတိဂုဏ်ကိုစောင့်သိရိုသေသော လူရည်ချွန်လူရည်မွန်များဖြစ်လာအောင် ကြိုးစားမွေးထုတ်ပေးကြပါဟု မှာကြားလိုကြောင်း။

ကျောင်းသားကျောင်းသူများအနေဖြင့်လည်း မိမိနိုင်ငံမိမိလူမျိုးတို့၏အကျိုးစီးပွားကို မိမိတို့၏ အသိပညာအတတ်ပညာတို့ဖြင့် ဖန်တီးဖော်ဆောင်နိုင်အောင် သင်ကြားသည့် ဘာသာရပ်များကို အပတ်တကုတ်လေ့လာဆည်းပူးကြရန်နှင့် ကိုယ်ကျင့်သိက္ခာမြင့်မြတ်တည်ကြည်ပြီးအမျိုးဂုဏ်ဇာတိဂုဏ်ကိုမြှင့်တင်ကြကာ နိုင်ငံတော်ကလိုလားသော အရည်အချင်းပြည့်ဝသည့် အသိပညာရှင် အတတ်ပညာရှင်များဖြစ်အောင် အလေးထားကြိုးစားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် Ever Green Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ထားဝယ်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင် နေကြသော ပညာရေးဝန်ထမ်းများအဆင့်အလိုက် လစဉ်ချီးမြှင့်ငွေ တစ်နှစ်စာအတွက်ငွေကျပ် ၁၈၆၉၆၀၀၀ ကိုဒုတိယပါမောက္ခချုပ်ဦးကျော်ကျော်ဋ္ဌေးထံ ပေးအပ်လှူဒါန်းသည်။

ထို့အတူ မြိတ်မြို့မှ စီးပွားရေးလုပ်ငန်းရှင် ဦးကျားမောင်က ၎င်းအပါအဝင် မြိတ်မြို့မှ စီးပွားရေး လုပ်ငန်းရှင်များက ထားဝယ်တက္ကသိုလ်ပညာရေးရန်ပုံငွေအတွက် လှူဒါန်းငွေကျပ် ၂၅ သိန်းကို ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဋ္ဌေးထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်များကို ရပ်နားသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် ထားဝယ်တက္ကသိုလ်ပင်မဆောင် ရတနာအုတ်မြစ်စီခြင်း အစီအစဉ်ကိုကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များက ရတနာအုတ်မြစ်စီမည့် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ရတနာအုတ်မြစ်စီပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရတနာကိုးပါးငွေကြုတ်ကို အုတ်မြစ်တော်အလယ်ဗဟို၌ ထည့်သွင်းမြှုပ်နှံပေးပြီး မင်္ဂလာအခါတော်ပေး ဆရာကြီးဦးကျော်က မင်္ဂလာအခါတော်ကြားလျှင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်၊ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးကျော်အောင်၊ ရဲမှူးချုပ် ဝင်းစိုး၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို၊ အဆင့်မြင့် ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဦးစောလွင်၊ ထားဝယ်တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဋ္ဌေးနှင့် Ever Green Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေတို့က သတ်မှတ်နေရာအသီးသီး၌ နဝရတ်ကိုးပါးရတနာအုတ်များကို စီပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မော်ကွန်းကမ္ပည်း ကျောက်စာကို အုတ်မြစ်တော်များတွင် ဖုံးအုပ်ပေးပြီး အမွှေးနံ့သာပက်ဖျန်းပေးသည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့

MYANMAR WOMEN'S DAY

ဇွန် ၂၂ ရက်က ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် ဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်မှူး ဦးခင်မောင်ဇော်က မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ ဟောပြောစဉ်။

(မြို့နယ်ပြန်/ဆက်)

သမဝါယမနေ့ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇွန် ၂၈

၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောက်တံတားမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီထွေး ဦးဆောင်၍ ဌာနဝန်ထမ်းများနှင့် ချမ်းမြေ့မေတ္တာသုနာပြုဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်မှအသင်းသား အသင်းသူများသည် ဇွန် ၂၅ရက် မွန်းလွဲ ၂နာရီက အမျိုးသား သွေးဌာန၌ စုပေါင်းသွေးလှူဒါန်းကြသည်။

(သတင်းစဉ်)

(၆၆)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် ဇွန် ၂၈

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၈)ရပ်ကွက်နေ ဦးမောင်မောင်ထွေး **(အပေါ်ပုံ)**သည် ဇွန်၂၀ရက်က မင်္ဂလာဗျူဟာ အသင်းချုပ်တွင် (၆၆)ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များက အကျဉ်းဦးစီးဌာနသို့ စွမ်းစွမ်းတမံ ပံ့ပိုးကူညီဆောင်ရွက်သဖြင့် ဂုဏ်ပြုဆု ကျပ် ၅၀၀၀၀ပေးအပ်ချီးမြှင့်ပွဲကို ဩဂုတ် ၂၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး သူရဦးသိန်းထွန်းအောင်က မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်သမ်းအား ချီးမြှင့်ပေးအပ်စဉ်။ (၀၄၆)

ပြည်ဇေတဝန်ကာရုံ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ပြည် ဇွန် ၂၀

ပြည်မြို့ ဇေတဝန်ကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်၌ ပုရိမဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အမှူးပြုသော စာချစာသင်သံဃာတော် ၅၀၀ကျော်တို့ကို ဇေတဝန်ကာရုံ ပါဠိတက္ကသိုလ် ပရိယတ္တိသာသနနုဂ္ဂဟ အဖွဲ့ကြီးက ကြီးမှူးပြီး နှစ်ပတ်လည် အစည်းအဝေးနှင့်ပူးတွဲ၍ ဒါယကာ ဒါယိကာမအပေါင်းတို့က ဝါဆိုသင်္ကန်း စုပေါင်းကပ်လှူပွဲကို ဒုတိယဝါဆိုလပြည့်ကျော် ၁ရက် (ဩဂုတ် ၁ရက်) တနင်္ဂနွေနေ့ ညနေ ၄နာရီတွင် မဟာသုခဇေတဝန်ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ပြီး နှစ်ပတ်လည်အစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များသည် ဖုန်း -၀၅၃- ၂၁၄၈၅၊ ၂၅၈၁၅၊ ၂၂၈၁၆ ဇေတဝန်ကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပြည်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့က မြိုင်မြို့နယ်သဲကျွန်းကျေးရွာ၌ နှစ်လက်မ စက်ရေတွင်း တူးဖော်နေမှုကို ဇွန် ၇ရက်က သွားရောက်ကြီးကြပ် ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပညာသင်ဆုချီးမြှင့်ပွဲ

ရှမ်းပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန တောင်ကြီးမြို့ ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကောင်စီဥက္ကဋ္ဌ ဒေါ်လှမွန်က တောင်ကြီးမြို့ ပရဟိတ အမျိုးသမီးရိပ်သာရှိ ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ပတ်ဝန်းကျင်သန့်ရှင်းရေး ပူးပေါင်းဆောင်ရွက်

ဖားကန့် ဇွန် ၇

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဖားကန့်မြို့နယ် ယူမာကျေးရွာတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ရေမြောင်းများနှင့်ပတ်သက်၍ ရေလှောင်မှုများမဖြစ်ပေါ်စေရေးတို့အတွက် ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများအတွင်းမှ အမှိုက်နှင့် မြေသားများဆယ်ယူခြင်းလုပ်ငန်းကို ဇွန် ၇ရက်က ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကျော်ဇေယျက အနီးကပ်ကြီးကြပ် ဆောင်ရွက်ကြကြောင်း သိရသည်။ (က-ပ)

မြို့လုံးကျွတ် ပိုးလောက်လမ်းကင်းရေး စုပေါင်းဆောင်ရွက်

တောင်တွင်းကြီး ဇွန် ၁၆

တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့ကျန်းမာရေးဦးစီးဌာနတို့ ဦးဆောင်မှုဖြင့် မြို့လုံးကျွတ် ပိုးလောက်လမ်းကင်းရှင်းရေးလုပ်ငန်းကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက စုပေါင်းဆောင်ရွက်ကြသည်။

ပါဝင်

အဆိုပါ ဆောင်ရွက်မှုတွင် အမျိုးသမီးရေးရာကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကော်မတီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊မြို့နယ်အသင်းဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များ စုပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ (၁၈၉)

တစ်ချက်တည်းကျင်းဝင်

စစ်တွေ ဇွန် ၂၄

ဧည့ဝတီဂေါက်ကွင်း စစ်တွေတွင် ဇွန်၂၀ရက် ညနေ ၄နာရီက ကစားဖော်များဖြစ်ကြသော ဦးမြင့်ကြည်၊ဦးရဲဝင်း၊ဦးသာလှထွန်း၊ ကိုမောင်မောင်သန်း၊ ကိုသိန်းထွန်းအောင်တို့နှင့်အတူ ကစားကြရာ ဦးကျော်သိန်း (Kiss)သည် ကျင်းအမှတ် ၁၂ ကို ၁၂၅ကိုက်အကွာမှ (Grand Slam No.1)ဘောလုံးကို (Mizuno Chipper)တုတ်ဖြင့်ရိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ကြီးကြပ်ဆောင်ရွက်

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် သုံးဆယ်- ဖိုးခေါင်လမ်း ဂဝံခင်းခြင်းလုပ်ငန်းအတွက် ဂဝံကျောက်စုဆောင်းထားရှိမှု အခြေအနေကို ဇွန်၂၂ရက်က အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးတင့်ဆွေတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ

၂၉-၆-၂၀၀၄(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁း၃၀ မြန်မာ့မူဟန်ဇာတ်မာန် ဟောပြောချက်(မြန်မာ့ဇာတ်မာန် သမိုင်းနှင့် တိုင်းရင်းသားသူရဲကောင်းများ-နိုင်ဝေ)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (အသက် ၅၀ ကျော်လျှင်-၂) (ကံချွန်)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ပန်းနုညာကြွေ)
၁၂း၄၅ မျက်မှောက်ရေးရာဆွေးနွေးစရာ
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပဋ္ဌမတန်း-သင်္ချာအတွဲ-၁)

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (အပြိုင်စိုက်ကြမယ်)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ကမ္ဘာ့ဂီတ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားနှင့်ကျန်းမာကြံ့ခိုင်ရေး-ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)
၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်
၁၈း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (သွေးတိုးရောဂါကာကွယ်ပါ)
၁၈း၃၀ ခရီးသွားစကားဝိုင်း (သဘာဝအခြေခံ ခရီးသွားလုပ်ငန်း)
၂၀း၃၀ ကလေးများအတွက် တေးသီချင်းများ

၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ပဲခူးမြို့ အထက(၁) ကျောင်းခန်းမ၌ ဇွန်၁၂ရက်က ပဲခူးတိုင်း(အရှေ့ပိုင်း)လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပစဉ်။(က-ပ)



မှော်ဘီမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ဆုနှင့် စာရေးကိရိယာ ပေးအပ်

မှော်ဘီ ဇွန် ၂၇

မှော်ဘီမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်သားသမီးများအား ပညာသင်ဆုနှင့်စာအုပ်၊ စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၁ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမြင့်ဆွေ (ငြိမ်း)နှင့်အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ပညာသင်ဆုနှင့် စာအုပ်၊ စာရေးကိရိယာများ ပေးအပ်ကြကြောင်း သိရသည်။ (က-ပ)

ဇွန် ၅ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦး မြဝတီမြို့ ဘုရင့်နောင်လမ်း ဝဲ/ယာ တစ်လျှောက် မြို့နယ်အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် စည်ပင်ဝန်ထမ်းများ အရိပ်ရ သစ်ပင်များ စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၀၂၄)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖြူးမြို့ ၃၃ လမ်း ကျောက်ချောလမ်းခင်းရန်အတွက် ကျောက်များ စုဆောင်းထားမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ထွန်းဦးတို့က ရှင်းလင်းပြသကြစဉ်။

(မြို့နယ်စည်ပင်)

ကျောင်းအပ်နှံ

မေ ၂၈ ရက်က လှိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု ဒေါဆန်းဘွန်း ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေမြတ်နှင့် ဆရာဆရာမများက ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်နှံ လက်ခံခြင်းနှင့် ကျောင်းစာအုပ်များ ထုတ်ပေးမှုကို ဆောင်ရွက်ပေးကြစဉ်။ (ဝ၆၆)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်

သနပ်ပင် ဇွန် ၁၅

သနပ်ပင်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်မြင့်နှင့် ဒေါက်တာဒေါ်သန်းသန်းချိုတို့ ဦးဆောင်၍ ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဇွန် ၁၀ ရက်က ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းနှင့်ရေအိုင်များမြေဖို့ခြင်း၊ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို ကျန်းမာရေးဌာနဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သနပ်ပင်မြို့နယ် စက်ကုန်းရပ်ကွက် အတွင်း ပူးပေါင်းဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဇွန် ၂၅ရက်က ကျောက်တန်းမြို့နယ် ကြာကန်ကျေးရွာရှိ နိုင်ငံသား အရည်အချင်း ပြည့်မီသူများကို နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ် ဦးစီးဌာနမှူး ဦးအောင်စိုးက ကျေးရွာဥက္ကဋ္ဌ ဦးခင်နွယ်အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

ရွှေဘိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရှေ့လုပ်ငန်းစဉ်များရှင်းလင်း၊ လုပ်ငန်းညှိနှိုင်း

ရွှေဘို ဇွန် ၂၃

မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ရှေ့လုပ်ငန်းစဉ်များရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ဇွန်၁၉ရက်က ရွှေဘိုမြို့ ရေပေးဝေရေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဝင်းနိုင်၏ ဇနီး ဒေါ်မြမြအေးနှင့် အသင်းဥက္ကဋ္ဌတို့က အမှာစကားအသီးသီးပြောကြားကြသည်။

မြို့နယ်အသင်း အတွင်းရေးမှူးက အစီရင်ခံစာကို ဖတ်ကြားပြီး ဘဏ္ဍာရေးမှူးကငွေစာရင်းရှင်းတမ်းကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ် အသင်းဥက္ကဋ္ဌ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း အကြံပေးအရာရှိ ဒေါက်တာအောင်သန်း၊ ကျန်းမာရေးဆရာမ ဒေါ်တင်ကြည်(ငြိမ်း)၊သူနာပြုဆရာမ ဒေါ်ခင်ဝင်းမြင့် (ငြိမ်း)နှင့် သားဖွားဆရာမ ဒေါ်ဝင်းစိန်(ငြိမ်း) တို့က ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြပြီး စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဝင်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၏ဇနီး ဒေါ်မြမြအေးကနိဂုံးချုပ်အမှာစကား ပြောကြားကြသည်။ **(ခရိုင်ပြန်/ဆက်)**

လုပ်ငန်းစွမ်းဆောင်ရည် သင်တန်းဆင်းပွဲကျင်းပ

ညောင်ဦး ဇွန် ၂၂

ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲကို ဇွန် ၁၈ရက်က မြို့နယ် အနော်ရထာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက်သင်တန်းတွင် ထူးချွန်ဆုရရှိသူသုံးဦးနှင့် ကြိုးစားအားထုတ်မှုဆုရရှိသူ သုံးဦးတို့ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇ၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးတင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်စိုးတို့က ဆုများအသီးသီးချီးမြှင့်ကြပြီး သင်တန်းဆင်းလက်မှတ်များကို ခရိုင်အုပ်ချုပ်ရေးမှူးက သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းခေါင်းဆောင်အား ပေးအပ်ကြောင်းသိရသည်။**(အပေါ်ပုံ)**

(၃၀၀)

အမျိုးသမီးရေးရာလုပ်ငန်းဆိုင်ရာ အစည်းအဝေး

ကောလင်း ဇွန် ၁

ကောလင်းမြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအထောက်အကူပြု ကော်မတီဝင်များ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်း အဝေးကို မေ ၁၇ရက်က မြို့နယ်ခန်းမဆောင်တွင် ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌဦးမင်းလွင်က အမျိုးသမီးများ၏ အသိပညာပေးရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်ဘဝ လုံခြုံရေးတို့ကို ဆွေးနွေးသည်။ ထို့နောက် လုပ်ငန်းအထောက်အကူပြု ကော်မတီဝင်များက မိမိတို့လုပ်ငန်း ဆောင်ရွက်မှုကို ပြန်လည်ဆွေးနွေးကြသည်။ **(ဝ၂၆)**

ကြို့ပင်ကောက်မြို့နယ် ရဲတမံကျေးရွာမှ ရန်ကုန်-ပြည်လမ်းသို့ ဆက်သွယ်သည့် ဂဝံ ကျောက်လမ်းနှင့် ကွန်ကရစ် ပိုက်ပြွန်တံတား ဆောင်ရွက်ရာ လုပ်ငန်းခွင်သို့ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးဝင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (ဝ၄၀)

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဇီးကုန်း-တာပွန်လမ်း ကျေးလက်ဂဝံခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်နှင့်ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ဇွန်၁၁ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့်တာဝန်ခံအင်ဂျင်နီယာဦးမြင့်ဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပျိုးပင်များ ပျိုးထောင်

မိုးညှင်း ဇွန် ၁၆

ကချင်ပြည်နယ်မိုးညှင်းမြို့ ပန်းမြို့တော်တည်ဆောက်ရေး စီမံချက်အရ မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ပျိုးဥယျာဉ်တွင် ဦးစီးအရာရှိ ဒေါ်ငွန်ကီးဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း ပျိုးအိတ်ထည့်ခြင်းနှင့် မြေဆွေးများထည့်၍ ပန်းအလှပျိုးပင်များ ပျိုးထောင်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဇွန် ၁၄ ရက်က အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။ **(ဝဲပုံ)** **(မြို့နယ်စည်ပင်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
အမှတ်-၉၀ ကံဘဲ့လမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့

ph;-(951)578470,571038.Fax;(951)578472

E-mail-mpe.myr@mptmail.net.mm.www.myanmarpearl.com

ရက်စွဲ၊ ၂၀၀၄ ခုနှစ်၊ဇွန်လ ၂၉ ရက်

ပြည်တွင်းပုလဲရောင်းချပွဲ

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းပိုင် ပုလဲများကို နိုင်ငံသားများအား ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့် အောက်ပါအစီအစဉ်အတိုင်း ချိပ်ပိတ်တင်ဒါစနစ်/ဈေးပြိုင် စနစ်များဖြင့် ရောင်းချမည်ဖြစ်ပါ၍ ပုလဲဝယ်ယူလိုသူများ လာရောက်ကြည့်ရှုဝယ်ယူနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

(က) ပုလဲများကြည့်ရှုစစ်ဆေးခြင်းနှင့် တင်ဒါများပေးသွင်းခြင်း – ၂၀၀၄ခုနှစ် ဇူလိုင်လ ၇ရက်မှ ၈ရက်ထိ (၁၀း၀၀)နာရီမှ (၁၆း၀၀)နာရီထိ

(ခ) တင်ဒါများဖွင့်ဖောက်ခြင်းနှင့် ဈေးပြိုင်ရောင်းချခြင်း – ၂၀၀၄ခုနှစ်၊ ဇူလိုင်လ ၉ရက် နံနက် (၁၀း၀၀)နာရီ

(ဂ) ပုလဲရောင်းချပွဲကျင်းပမည့်နေရာ – သီရိရတနာခန်းမ၊ သတ္တုတွင်း ဝန်ကြီးဌာန၊ အမှတ် (၉၀) ကံဘဲ့၊ ရန်ကင်း၊ ရန်ကုန်မြို့

(ဃ) အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ် –၅၆၂၃၅၈၊ ၅၇၁၀၃၈၊ ၅၇၈၄၇၀

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
သင်တန်းများဖွင့်လှစ်ခြင်း

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှကြီးမှူး၍ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် Baiyoke Kandawgyi Hotel Co.,Ltd.မှ အောက်ဖော်ပြပါ သင်တန်းများကို Kandawgyi Palace Hotel ရှိ Hotel and Tourism Training Centreတွင် ၂၆-၇-၂၀၀၄ မှ ၁၇-၉-၂၀၀၄ နေ့ထိ ရက်သတ္တ(၈)ပတ် ဖွင့်လှစ်ပါမည်။

1. Front Office Operations	တက္ကသိုလ်ဝင်တန်းအောင်။
2. Housekeeping Operations	၉ တန်းအောင်။
3. Food and Beverage Service	၉ တန်းအောင်။
4. Food and Beverage Production	၉ တန်းအောင်။
5. Hotel/Motel Accounting for supervisory level	တက္ကသိုလ်ဝင်တန်းအောင်ပြီး၊ စာရင်းကိုင်ပညာအောင်ပြီးသူ (သို့မဟုတ်) ဟိုတယ်လုပ်ငန်း အတွေ့အကြုံရှိသူ။
6. Hospitality English (နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအချိန်ပိုင်း)	တက္ကသိုလ်ဝင်တန်းအောင်ပြီး၊ ဟိုတယ်လုပ်ငန်း အတွေ့အကြုံရှိသူ။

လျှောက်လွှာများကို ဤသင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ လျှောက်လွှာ ပိတ်ရက်မှာ ၈-၇-၂၀၀၄ နေ့ဖြစ်ပါသည်။ အမှတ်စဉ် ၁မှ ၄ ထိ ရေးဖြေ စာမေးပွဲများကို ၉-၇-၂၀၀၄ နေ့တွင် ပြုလုပ်ပါမည်။ ဓာတ်ပုံ(၁)ပုံ၊ ပညာ အရည်အချင်းမိတ္တူ၊ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံစာ ပူးတွဲတင်ရမည်။ သင်တန်းအောင်မြင်သူများကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့် ပါမည်။ အသေးစိတ်ကို သင်တန်းဌာနမှ ကြော်ငြာသင်ပုန်းတွင် ကပ်ထားပါမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်တော်ကြီးပဲလေ့စ်ဟိုတယ်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၉၂၅၅ လိုင်းခွဲ ၅၄၂



JOB OPPORTUNITY
(For local service only) (Salary in Kyat)

Golden Hawks Int'l Ltd. a leading Pharmaceutical Distributor and Trading Company and wants to recruit experienced and energetic persons for the following positions.

(1) Business Development Manager (Male/Female) — Yangon — (2) Posts
(Int'l Trading Dept.) (non-pharmaceutical)
- Degree holder preferably MBA/ DMA in Marketing
- Flowing knowledge of Industrial Trade (Export – Import)
- (3) years of experience with reputable organization
- Excellent English proficiency is required

(2) Marketing Manager (Male/Female) — Yangon (3) Posts; Mandalay (3) Posts
- M.B.B.S/ B.D.S/ MBA (or) DMA degrees
- Good experience in Pharmaceutical, Marketing and field Management

(3) Human Resources Manager (Male/Female) — Yangon — (1) Post
- MBA with any graduate
- (3) years experience in HR field
- Excellent English proficiency is required

(4) Medical Promotion Supervisor (Male/Female) — Yangon (2) Posts; Mandalay (2) Posts
- Must be M.B.B.S (or) B.Pharm Graduate
- Must have ample experience in relative field

(5) Sales Supervisor (Male/Female) — Yangon (1) Post; Mandalay (1) Post
- Any graduate
- (3) years experience in pharmaceutical distribution field
- Able to travel all over the concern areas

(6) Accountant (Female) — Yangon — (2) Posts
- B.Com/ D.A/ LCCI (III) or equivalent degree
- Efficiency in Computerized Accounting

(7) Medical Representative (Male/Female) — Yangon (8) Posts; Mandalay (5) Posts; Mawlamyaing (2) Posts; Taunggyi (2) Posts; Pyay (2) Posts; Myitkyina (2) Posts
- B.Pharm or B. Sc or equivalent degree
- (2) years experience in pharmaceutical distribution

(8) Sales Executive (Male/Female) — Yangon — (4) Posts
- Art or Science degree holder
- (2) years experience dealing with pharmacies all over Yangon

(9) Storekeeper (Male/Female) — Yangon — (2) Posts
- High school education

(10) Delivery (Male/Female) — Yangon — (6) Posts
- High school education

Note : All candidates should be aged below 40.

Interested applicants should submit CV with one recent passport size photo and a labour registration card attached with other supporting documents to PO Box No. 750 within two weeks of this advertisement. Only short-listed candidates will be notified by phone or post for interview.

အမည်ပြောင်း ကျောက်တန်းမြို့အလယ်ပိုင်းရပ်ကွက်နေ ဖခင် ဦးကြည်တင်၏သမီးဖြစ်သူ အထက(၁) အဋ္ဌမတန်း(အေ)မှ မစုထက်ထက်အား မဆုထက်ထက်ဟု ပြောင်းလဲခေါ်ပေးပါရန်။ **မဆုထက်ထက်။**

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်သန်းတင် ၁၂/စခန(နိုင်) ၀၅၅၁၂၀ သည် ဒေါ်စန္ဒာလှိုင် ၁၂/မဂတ(နိုင်) ၀၈၃၅၀၄ အား ကျွန်မ၏ကိုယ်စား လိုအပ်သည့် ကိစ္စရပ်များကို လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင် ရုံးတော်၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၈၃/၂၀၀၃)အား မှတ်ပုံတင် လွှဲပြောင်းပေးအပ်ခဲ့ပြီး အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ဆက်လက် ပေးအပ်ဆောင်ရွက်ခွင့်ပြုထားဆဲဖြစ်ပါသည်။ ဒေါ်စန္ဒာလှိုင်မှလွဲ၍ ကျွန်မ ဒေါ်သန်းတင်မှ အခြားတစ်စုံတစ်ယောက်သောသူအား ကျွန်မ၏ ကိုယ်စား လိုအပ်သည့် ကိစ္စရပ်များကို လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် လွှဲပြောင်းပေးအပ် ခဲ့ဖူးသော ကိုယ်စားလှယ် လွှဲစာအားလုံးအား ပြန်လည်ရုပ်သိမ်း ပြီးဖြစ်ပါကြောင်း၊ အများသိစေရန် ထပ်မံအသိပေး ကြေညာအပ်ပါသည်။

ဒေါ်သန်းတင်
အမှတ်၂၉၊ ယုဇနလမ်း၊ ကြခင်းစုရပ်ကွက်၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	10(T)1/MR(CMO) 2004-2005	1. major Operation Theatre Equipment	1-Lot
		2. Orthopaedic Instrument Implantaiton Sets	1-Lot
		3. Dental Maxillo Facial Instruments	1-Lot
		4. Auto Clave (Dental)	1-No
		5. Suction Machine (Dental)	1-No

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် ၂၂-၇-၂၀၀၄ (ကြာသပတေးနေ့) (၁၂း၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် ၂၂-၇-၂၀၀၄ (ကြာသပတေးနေ့) (၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၂-၆-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅၊ လိုင်းခွဲ-၆၀၂၊၆၀၅၊ ၆၁၂



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- EPS Machine တစ်စုံ(ဖော့တုံး၊ ဖော့ဘူးလုပ်သောစက်)
- Automatic Painting Machineတစ်စုံရောင်းမည်။ Conveyor ပေါင်းရုံ၊ ပေါင်းအိုးပါသည်။
- အောင်ဆန်းကွင်းပတ်လည်ရှိ (၃၂ပေ x ၃၂ပေ)၊ ၃ထပ်SHOW ROOM ဖုန်းနှစ်လုံး၊ရေ၊မီးပါရောင်းမည်။

ဖုန်း-၂၂၆၉၁၄၊၂၂၅၅၉၇၊ ၂၂၉၁၆၀၊ ၂၂၂၄၁၉

တိုက်ခန်းအမြန်ရောင်းမည်ညို့ရှိန်းဈေး

၁၉လမ်း လေးထပ်၊ ဟောင်ကောင် နှစ်လွှာ ၁၂ပေခွဲ X ပေ ၅၀ ပြင်ဆင်ပြီး အသင့်နေနိုင် ကိုယ်ပိုင် ရေမီး၊ရေချိုးခန်း၊ အိမ်သာမီးဖိုချောင်၊ ဝရန်တာကြွေပြားကပ်ပြီး ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။

ဖုန်း-၀၉ ၅၀ ၀၅၀၆၂

(၆)နှစ်ပြည့်အလွမ်း
၂၉-၆-၉၈ မှ ၂၉-၆-၂၀၀၄
ကိုသန်းထွင်ညွန့်(ကိုတူး) အသက် (၄၃) နှစ်

သားကြီး အမေနဲ့ခွဲသွားတာ (၆)နှစ်ပြည့်သွားပြီ။ အမေကတော့ ဟောင်းလေ၊ သစ်လေ၊ ဆွေးမပြေမို့၊ မဟုတ်ခဲ့ရင်ကောင်းမှာလေလို့ နောက်ဆုံး ထွက်သက်ထိ လွမ်းနေရဦးမည်။ ပြုသမျှကုသိုလ်ဒါနများကို ကောင်းရာဘုံမှ- သာဓုခေါ်နိုင်ပါစေ။

မိခင်-ဒေါ်အေးအေးသန်း
ချစ်သားများ-ဖြိုးထွင့်ဦး၊ နေမင်းထွင့်။

မင်္ဂလာဒုံမြို့နယ်
ခရေပင်ရိပ်မွန်အိမ်ရာစီမံကိန်းနှင့်ပတ်သက်သောကြော်ငြာစာ

၁။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် မင်္ဂလာဒုံမြို့နယ် တွင် နှစ်ထပ်လုံးချင်းတိုက် ၄၆ လုံးပါဝင်သော ခရေပင်ရိပ်မွန် အိမ်ရာ စီမံကိန်းကို တည်ဆောက်ခဲ့ရာ ၎င်းလုံးချင်းတိုက်များ အားလုံး တည်ဆောက်ပြီးဖြစ်သဖြင့် ဌာနမှ တာဝန်ရှိသူများ ကိုယ်တိုင် ဝယ်ယူထားသူပိုင်ရှင်များအား လွှဲပြောင်းလက်ခံ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ စီမံကိန်းလုပ်ငန်းများပြီးစီးပြီဖြစ်သဖြင့် ဌာနမှတာဝန်ရှိသူ များ အားလုံးသည် ၃၀-၆-၂၀၀၄ ရက်နေ့တွင် စီမံကိန်းနယ်မြေမှ ပြန်လည်ထွက်ခွာတော့မည်ဖြစ်သဖြင့် ဝယ်ယူထားသူ တိုက် ပိုင်ရှင်များသည် ၃၀-၆-၂၀၀၄ ရက်နေ့ နောက်ဆုံးထားပြီး စီမံကိန်းရုံး၌ လာရောက်လွှဲပြောင်း လက်ခံဆောင်ရွက်ကြရန်နှင့် ၃၀-၆-၂၀၀၄ရက်နေ့ နောက်ပိုင်းတွင် အထက်ပါလုံးချင်းတိုက် များနှင့် ပတ်သက်သော ကိစ္စရပ်များအား တာဝန်ယူတော့မည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
စီမံကိန်းဌာနခွဲ။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမောင်ညွန့်
(အေဝမ်းတာယာရောင်းဝယ်ရေး)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ၁၇၈(ခြောက်လွှာ)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးကျင်စိန်-ဒေါ်အေးရင်)တို့၏သား၊ (ဦးငွေလှိုင်-ဒေါ်ထွေးညွန့်)တို့၏သားသမက်၊ ဒေါ်စန်းမေ၏ခင်ပွန်း၊ ဒေါ်သန်းသန်းလွင်-ဒေါ်အေးသိန်း(မြန်မာ့မီးရထား)၊ ဦးဝင်းချို-ဒေါ်ညွန့်ညွန့်ဝင်း၊ ဒေါ်လှလှဝင်း-(ဦးမြင့်စိန်)၊ ဦးရဲထွန်း၊ ဦးရဲကိုကို-ဒေါ်ချိုချိုမြင့်ဇော်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၇-၆-၂၀၀၄ရက် နံနက် ၁း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကားများ(အေဝမ်းတာယာဆိုင်)ကျောက်မြောင်းမီးသတ်ရှေ့မှ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးမွန်ကျော်
(ချောက်မြို့နယ်၊ ပြန်/ဆက်ဦးစီးဌာန)
အသက်(၅၄)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊(၆)ရပ်ကွက်၊ မင်းခမ္မလမ်း၊ တိုက် ၂၊ အခန်း ၈၊ အမျိုးသားပြန်လည်သန့်စွမ်းရေးအိမ်ရာဝင်းနေ (ဦးကျော်ရင်-ဒေါ်ဖွားကြွယ်)တို့၏သား၊ ဦးစိုးမြင့်၊ (ဦးစိုးတင့်)တို့၏ညီ၊ ဒေါ်ခင်သီသီ၊ ဦးအောင်မြင့်သိန်း၊ ဦးခင်မောင်မြင့်တို့၏အစ်ကို၊ ဒေါ်သန်းရီ၏သားသမက်၊ ဒေါ်မြင့်မြင့်ရွှေ(အထက်တန်းသူနာပြု၊ အမျိုးသားပြန်လည်သန့်စွမ်းရေးဆေးရုံ)၏ခင်ပွန်းဖြစ်သူ ဦးမွန်ကျော်(ဓာတ်ပုံကျွမ်းကျင်)၊ ပြန်/ဆက်ဦးစီးဌာန၊ ပန်းဆိုးတန်းသည် ၂၇-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်ကို
(စာရေးဆရာ တပ်ကြပ်ကြီးမောင်ကို)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ စစ်မှုထမ်းဟောင်းစံပြရွာ၊ အမှတ် ၁၊ အိမ်အမှတ် ၂/၁/၂၀နေ (ဦးမောင်ကြီး-ဒေါ်ထွေး)တို့၏သား၊ ဒေါ်အေးသိန်း၏ခင်ပွန်း၊ အရာခံဗိုလ်စိန်ကွန့်-ဒေါ်ခင်သိန်းရီ၊ ဦးမျိုးမင်းသိန်း(သန်မြန်သူ ၇၇)-ဒေါ်ဥမ္မာဝင်း၊ ဒေါ်ပြုံးပြုံးကို (အထက စိုက်/မွေး-၁)၊ ဦးထိန်လင်း-ဒေါ်စိန်အေး၊ ဒေါ်မိမိလှိုင်(စိမ်းလန်းမြေပညာရိပ်မွန်)တို့၏ဖခင်၊ဗိုလ်မှူးစန်းလင်း၊ ဗိုလ်ကြီးစိုးညွန့်အောင်-ဒေါ်စန္ဒာလင်း၊ တပ်ကြပ်ကြီးဝေလင်း၊ ဗိုလ်ကြီးဝင်းမင်းသိန်း-ဒေါ်ဥမ္မာလင်း၊ မခိုင်ယဉ်လင်း၊ မအေးသစ္စာ၊ မောင်အောင်ပြည့်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၇-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် လေးထောင့်ကန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမ
ဒေါ်ပု (တောင်ကြီး)
အသက်(၇၀)

တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်၊ အမှတ် ၁၆၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရှုမဝဝင်းနေ [ကျန်းဝင်းခင်(ခ) ဦးခင်မောင်]၏ဇနီး၊ မစိန်စိန်၊ အမှတ် ၄၄၉၊ စုပေါင်းအိမ်ရာ၊ မင်္ဂလာဦးရပ်ကွက်နေ ဦးခင်မောင်ရွှေ(ခ)ကိုရွှေရိုး-မသောဘီသိန်း၊ ကိုလှမင်း-မစော၊ ရန်ကုန်မြို့နေ ကိုသန်းထူး-မနန်းစောထွေး၊ တောင်ကြီးမြို့နေ ကိုမြသောင်း၊ အဟောင်းလေး(ခ)ကိုဇော်လတ်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၇-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ခြောက်မိုင်တောင်ကြီးဖူးကျန့်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးတင်ရှိန် (မိုးကောင်း)
(ရွှေသာလျောင်းဂေါပကအဖွဲ့ဥက္ကဋ္ဌ)
အသက်(၆၆)နှစ်

မိုးကောင်းမြို့၊ နန့်ရင်းရပ်နေ (ဦးထွန်းမောင်-ဒေါ်နန်း)တို့၏သားကြီး၊ (ဦးခင်မောင်ရင်)-ဒေါ်မြရီတို့၏တူ၊ ဦးတင်စိန်-ဒေါ်ခင်ခင်၊ ဦးမောင်ဖြူ-ဒေါ်အုန်းမြင့်တို့၏အစ်ကို၊ဦးဇော်ဝင်း-ဒေါ်ရီရီရှိန် (ဗဟိုဆေးသိုလှောင်ရေး၊ရန်ကုန်)၊ဦးမင်းဦးရှိန်-ဒေါ်ချိုချိုထွန်း (ရုံပိုင်၊ မြန်မာ့မီးရထားတိုင်း-၁)၊ Dr.နှင်းဇော်သိန်း-ဒေါ်မိမိရှိန်(ပြည်သူ့ဆေးရုံ၊ ကလေးမြို့)၊ (ဦးဇော်လင်းအောင် - ဒေါ်မေသူရှိန်)တို့၏ဖခင်၊ မောင်ဝိုင်းဘာ(ခ)ဒီးဒီး၊ မနှင်းနဒီအောင်၊ မြေးကိုးယောက်တို့၏အဘိုး၊ မိုးကောင်းမြို့၊ နတ်ကြီးကုန်းရပ်နေ ဒေါ်မြရီ၏ခင်ပွန်းသည် ၂၈-၆-၂၀၀၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါဖြင့် ၂၉-၆-၂၀၀၄ရက်တွင် မိုးကောင်းမြို့ နတ်ကြီးကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်လှလှတင်
(စစ်တွေမြို့၊ ရခိုင်ပြည်နယ်)
အသက်(၄၅)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၂၂နေ (ဦးရွှေသိန်း-ဒေါ်အေးတင်)တို့၏သမီးကြီး၊ ဦးမြင့်ဆွေ-ဒေါ်ထားထားရီ၊ ဦးမြင့်ဝင်း(Uniteam Marine)-ဒေါ်သန်းသန်းအေး၊ ဒေါ်မြမြရွှေ-ဦးတင်ထွန်း (မောင်တောခရိုင်ရဲတပ်ဖွဲ့မှူးရုံး)၊ (ဦးမြင့်နိုင်)-ဒေါ်လှလှဝင်းတို့၏ ညီမ/အစ်မ၊ တူ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၂၈-၆-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်မိမိမာ (Minnie)
အသက်(၆၂)နှစ်

အမှတ် ၉/ခ၊ ငွေကြာရံရိပ်သာ၊ အမှတ်(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ [သီရိပုံချို ဦးအုန်းညွန့် (အငြိမ်းစား၊ တိုင်းအင်ဂျင်နီယာ၊ လမ်းလုပ်ငန်းဌာန) - ဒေါ်မိမိကလေး]တို့၏သမီးကြီး၊ (အငြိမ်းစား ခရိုင်ရဲဝန် ဦးအောင်ထွန်း - ဒေါ်အေးတင်)တို့၏သမီးချွေးမ၊ [ဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဟောင်း၊ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်ဟောင်း၊ ပြည်သူ့တရားသူကြီးအဖွဲ့ဝင်(ငြိမ်း)]၏ဇနီး၊ ဒေါ်မာမာဝင်း၊ ဦးဇော်ဝင်း၊ ဒေါ်ခင်လှိုင်ဝင်း - ဦးထိပ်တင်လင်း၊ ဗိုလ်ကြီးဒေါ်စန်းစန်းဝင်း (ရောဂါဗေဒဌာန၊တပ်မတော်ဆေးရုံကြီး၊မင်္ဂလာဒုံ)-ဦးဇော်သိန်း(2/0,East Wind)၊ ဒေါ်မိုးသီတာဝင်း - ဦးဆန်းထူးလွင်၊ ဒေါ်ခိုင်ထွေးဝင်းတို့၏မိခင်၊ မောင်သန့်စင်(ပထမတန်း-I°၊ TTC)၊ မောင်ခန့်ကျော်ဆန်း၊ မောင်မင်းခန့်ဇော်တို့၏ဘွားဘွားသည် ၂၇-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကိုကျော်စွာ(ခ)ခင်မောင်ချို
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၄၅၊ လှည်းတန်းလမ်းနေ ဦးကျော်သူ-ဒေါ်စန်းစန်းတို့၏ သား၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၂၄)ရပ်ကွက်၊နဝရတ် ၅ လမ်း၊ အမှတ် ၁၁၆၉ နေ ဦးအောင်မြင့်-ဒေါ်အေးအေးခိုင်တို့၏သားသမက်၊ မခင်လှလှမိုး၏ခင်ပွန်း၊ မောင်အုပ်စိုးခန့်၏ဖခင်၊ ကိုအောင်နိုင်-မသင်းသင်းရီ၊ ကိုသန်းလှ - မမီမီကျော်၊ ဗိုလ်မှူးမောင်ကို-မမိုးမမကျော်၊ ကိုဇေလတ်-မစန္ဒာဝင်း၊ ကိုအောင်မင်း၊ (ကိုသောင်းဆက်)-မကေသွယ်ဝင်း၊ မောင်သန့်ဇင်တို့၏အစ်ကို/မောင်/ညီ၊ တူ တူမ ၁၃ ယောက်တို့၏ ဦးလေး/ဘကြီးသည် ၂၇-၆-၂၀၀၄ရက် နံနက် ၄ နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၄၅၊ လှည်းတန်းလမ်းနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းရွှေ (တောင်ငူ)
အသက်(၉၂)နှစ်

တောင်ငူမြို့၊ ရှမ်းတန်းရပ်၊ နဂါးရုံဘုရားလမ်း၊ အမှတ် ၇/၁၄၄ နေ (စိန်ရွှေရတနာကုန်သည် ဦးစိန်)၏ဇနီး၊ ဒေါက်တာကျော်ညွန့်စိန်-ဒေါ်သန်းသန်းအေး၊ ဦးဝေလွင်-ဒေါ်ခင်မာအေးတို့၏မိခင်၊ (ဒေါ်သန်းစိန်)၊ (ဒေါ်မြစိန်)၊ ဒေါ်ယဉ်မေ၊ ဒေါ်ခင်ခင်၊ ဒေါ်ထေရစာရီ၊ ဦးသောင်းလွင်-ဒေါ်ခင်ဆွေမြင့်တို့၏အစ်မ၊ မောင်ကျော်ဇေ၊ မောင်ပြည့်ဟိန်း၊ မောင်သိန်းအုပ်၊ မဝေမာလွင်၊ မအေးမာလွင်၊ မသန္တာသွေးတို့၏အဘွားသည် ၂၇-၆-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ အနောက်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ စီမံချက်မန်နေဂျာ ဒေါက်တာကျော်ညွန့်စိန်၏ မိခင်ဖြစ်သူ ဒေါ်အုန်းရွှေ (တောင်ငူ) အသက်(၉၂)နှစ်သည် ၂၇-၆-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

အနာကြီးရောဂါတိုက်ဖျက်ရေး
စီမံကိန်းဌာနမှဝန်ထမ်းများ။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ကြည် (ခုနစ်မိုင်)
အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးမာလာ-ဒေါ်စိန်ပွင့်) ခုနစ်မိုင်တို့၏ သမီးကြီး၊ (ဦးလှ-ဒေါ်မယ်ငြိမ်း) ကမ္ဘာအေးတို့၏ သမီးချွေးမ၊ (ဦးထွန်းမြင့်)၏ဇနီး၊ (ဦးမြသောင်း)၏မိခင်၊ (ဦးဘိုဖြူ)-ဒေါ်တူး၊ (ဦးညွန့်ရွှေ)-ဒေါ်ငွေစီ၊ ဦးမောင်ဝင်း-(ဒေါ်ခင်သန်းကြွယ်)၊ ဒေါ်စောမြင့်တို့၏အစ်မကြီး၊ တူ တူမ ၂၁ ယောက်တို့၏ကြီးကြီး၊ မြေး ငါးယောက်တို့၏ ဘွားဘွားကြီးဖြစ်သူ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက် ၂၊ အခန်း ၁၀၄(ပထမထပ်)နေ ဒေါ်ခင်ကြည်သည် ၂၈-၆-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၂း၁၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ခင်စိန်ရင်(ခ) ဒေါ်ရိုစီ (မြင်းခြံ)
မန္တလေး၊အောဘီယံကျောင်းသူဟောင်း
အသက်(၉၂)နှစ်

မြင်းခြံမြို့နေ (ဦးသာထက်-ဒေါ်စောနန်းညွန့်)တို့၏သမီးကြီး၊ (ဦးဖေညွန့်၊ စစစ၊ငြိမ်း)၏ဇနီး၊ (ဒေါ်မေသန်း-အေဝမ်းမေသန်း)၊ ဒေါ်မဒေါ် (ညောင်ဦး)၊ (ဒေါ်မေရီ၊ မိတ္ထီလာ)၊ ဒေါ်ခင်ထွေးရီ(အင်းစိန်)တို့၏အစ်မ၊ ဦးထွန်းညွန့် (ကလေးမြို့၊ ကပရကုန်စည်၊ ငြိမ်း) - ဒေါ်မြသောင်း၊ ဦးအောင်နိုင် - ဒေါ်ယဉ်ယဉ်သွယ် (လှိုင်သာယာ)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ် ၁၄ ယောက်တို့၏ အဘွားသည် ၂၈-၆-၂၀၀၄ရက် နံနက် ၈ နာရီတွင် အမှတ်၂၉၇(က)၊ ရွှေဥဒေါင်းလမ်း၊ အမှတ်(၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၆-၂၀၀၄ရက် ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှ ဘုရားဝတ်ပြုဆုတောင်းပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ချင်ကင်ဖူး(ခ)ဦးခင်အောင်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၂၂၉၊ ပထမထပ်(ယာ)နေ (ချင်အီစီ-အင်ကင်ပိုင်)တို့၏သားထွေး၊ (လီရိန်ရှပ်-လူယူခန်)တို့၏သားသမက်၊ ဒေါ်ခင်အေး(ခ)လီဂန်ဖုန်၏ ခင်ပွန်း၊ (ချင်ကိန်းဖူ)၊ ဦးအေးမောင်-ဒေါ်ရီ၊ ဦးအောင်-ဒေါ်ရွှေတို့၏ ညီ/မောင်၊ ဒေါ်မေယဉ်-ဦးသက်နိုင်၊ ဒေါ်မေဟုန်-ဦးကိန်းချူ၊ ဒေါ်မေလေး-ဦးလှတင်၊ ဒေါ်မေဖုန်-ဦးဝင်းအောင်၊ ချင်ကော့ခင်-လော်ရီလင်၊ ဒေါ်မေကြည်-ဦးသန်းဌေး၊ ဒေါ်မေထွိုင်-ဦးမင်းသန်းတို့၏ ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၂၇-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(သင်္ဂြိုဟ်မည့်နေ့နှင့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အုန်း (ဟင်္သာတ)
အသက်(၇၆)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊(၄)ရပ်ကွက်၊ ကုန္တာ ၉ လမ်း၊ အမှတ် ၇၆၈ နေ (ဦးမောင်သင်-ဒေါ်မယ်ခန့်)တို့၏သမီး၊ ဦးထွန်း၏ဇနီး၊ ကိုလှသိန်း (မထသ၊ ရုံးချုပ်)-ဒေါ်မြင့်မြင့်ကြည်(အမက-၇၊ မြောက်ဒဂုံ)၊ မမြမြစန်း(ပုဝါ-၂၃)၊ ကိုဟံဌေး-မရင်ဖြူ၊ မောင်ကိုကိုလေးတို့၏မိခင်၊ မောင်အောင်ကျော်ဇော၊ မအေးချမ်းမြင့်ကြည်၊ မောင်နေလင်းအောင်၊ မဇင်နှင်းဝေတို့၏အဘွားသည် ၂၈-၆-၂၀၀၄ရက် (တနင်္လာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းနိုင်(ခ)ဘိုကြီး
ဆသရ(ငြိမ်း)
အသက်(၄၈)နှစ်

အမှတ် ၉၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဦးညွန့်-ဒေါ်နှင်းညွန့်တို့၏ သား၊ဦးအောင်ကျော်-ဒေါ်ပန်၊ ဦးတင်အောင်-ဒေါ်မြင့်မြင့်သန်းတို့၏ညီ/မောင်၊ ဦးသိန်းနိုင်-ဒေါ်ခင်သက်မြင့်တို့၏အစ်ကိုသည် ၂၈-၆-၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ညို (ဝေါ)
အသက်(၅၆)နှစ်

ပဲခူးတိုင်း၊ ဝေါမြို့နေ (ဦးချစ်သန်း-ဒေါ်ငွေသင်)၊ ဦးဘို-(ဒေါ်တင်ကြည်)တို့၏သမီးကြီး၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးကြီးညွန့်(ငြိမ်း)-(ဒေါ်အမာတင်)၊ သနပ်ပင်မြို့နေ (ဦးလှအောင်)-ဒေါ်အုံးကြည်တို့၏ညီမ၊ပဲခူးမြို့နေ ဦးတင်ပု-ဒေါ်စန်း၊ ဝေါမြို့နေ ဒေါ်မြင့်တို့၏အစ်မ၊ ဝေါမြို့နေ (ဦးရွှေကြီး)-ဒေါ်ဝင်းကျင်၊ (ဦးညွန့်မောင်)-ဒေါ်ယဉ်မေတို့၏တူမ၊ ပြည်မြို့နေ ဦးသိန်းဌေး - ဒေါ်ဝင်းမြင့်သန်း၊ ရန်ကုန်မြို့နေ တပ်ကြပ်အောင်မြင့်-ဒေါ်လှလှ၊ ဝေါမြို့နေ ဦးဝင်းမောင်-ဒေါ်ကြွယ်ကြွယ်၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးကျော်သန်းဌေး(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်မြမြ၊ ဝေါမြို့နေ ဦးသိန်းထွန်း-ဒေါ်သီသီဝင်း၊ကိုလှိုင်ဦး-မမူမူဝင်း၊ ကိုမျိုးသန့် - မမြသီတာ၊ ကိုအောင်ဆန်းလင်း၊ ကိုရဲဝင်းထွဋ်-မမေနွယ်လှိုင်တို့၏အစ်မကြီး၊ ကိုလှဦး-မအေးအေးနိုင်၊ ကိုလှထူး-မအေးအေးသန့်၊ ကိုလှထွဋ်-မနွယ်နီဝင်း၊ (မောင်ဇော်မျိုးထွန်း)တို့၏မိခင်၊ မြေး လေးယောက်တို့၏အဘွား၊ ဦးလှသောင်း၏ဇနီးသည် ၂၅-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါဖြင့် ၃-၇-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဝေါမြို့ အေးချမ်းသာယာ(၁)လမ်း နေအိမ်မှ ကွင်းချောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးမိုးကျော်
အသက်(၄၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ တိုက် ၂၊ အခန်း ၄၀၃ နေ (ဦးအုံးတင်)-ဒေါ်လှကြည်တို့၏သား၊ ဦးဇော်ညွန့်ဦး၏ညီ၊ ဦးကျော်ကျော်၊ ဦးကျော်ဇေယျ-ဒေါ်လှလှမိုး(P.P.E)၊ မစိုးစိုးမျိုး၊ မသူဇာအိအိသိမ့်တို့၏အစ်ကိုသည် ၂၇-၆-၂၀၀၄ရက် ညနေ ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထင်ကျော် (ဒေးဒရဲ)
တိုင်းသ/မဦးစီးဌာနခွဲမှူး(ငြိမ်း)
အသက်(၈၇)နှစ်

ဒေးဒရဲမြို့နေ (ဦးမောင်ကြီး-ဒေါ်သီလှ)တို့၏သား၊ ဆရာကြီး(ဦးဘရှိန်-ဒေါ်အုံး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁)ရပ်ကွက်၊အောင်မေတ္တာ ၆ လမ်း၊ အိမ်အမှတ် ၃၀၁နေ ဒေါ်ခင်မြင့် (အငြိမ်းစား၊ကျောင်းအုပ်ဆရာမကြီး)၏ခင်ပွန်း၊ ဦးခင်မောင်တင့် (ပြန်/ဆက်ဦးစီးအရာရှိ၊ ငြိမ်း)၊ ဦးခင်မောင်မြင့် (ဒုတိယညွှန်မှူး၊ ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)-ဒေါ်တင်ပု(လ/ထတိုင်းစီမံကိန်းမှူး၊ ငြိမ်း)၊ ဒေါ်ရင်ရင်သန်း (ဌာနစုမှူး၊ အဝေးသင်တက္ကသိုလ်၊ ရန်ကုန်)၊ ဦးစံမောင်ဦး-ဒေါ်ခင်အေးကြွယ် (ဒေးဒရဲ)၊ ဦးမျိုးလွင်-ဒေါ်ရင်ရင်သောင်း (ဦးစီးအရာရှိ၊ နယ်စပ်စည်ပင်)၊ ဦးအုံးကြည် (တပ်မတော်-ရေ) - ဒေါ်လှလှအေး (ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးမျိုးညွန့်-ဒေါ်ကြူကြူဝင်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၀၄ရက် နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်သောင်းသောင်းတင်(ခ)
Helen Sein Maung
ထ/ပြ(ငြိမ်း)၊ထ(၂)သင်္ဃန်းကျွန်း
အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ(ဦးစိန်မောင်-ဒေါ်အုန်းကြည်)တို့၏သမီးကြီး၊ ပခုက္ကူမြို့နေ (ဦးတင်ဦး-ဒေါ်ဒေါ်အိ)တို့၏ သမီးချွေးမ၊ ဒေါက်တာဒေါ်မြင့်မြင့်စိန် (စစ်ကိုင်းတိုင်း၊ကျန်းမာ)-ဦးကြင်၊ ဒေါ်မူမူစိန်-ဦးသန့်ဇင်၊ ဒေါ်ဝင်းဝင်းမေ-ဦးထွန်းဝေ၊ ဒေါ်အိအိခင်(မြန်မာ့လေကြောင်း)-(ဦးမောင်မောင်လေး)၊ ဦးရှုမောင် (Ex. R/O, Myanmar Jardine Schindl Ltd.)-ဒေါ်နုနုကြည်တို့၏အစ်မကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ စ/သုမင်္ဂလာရပ်ကွက်၊ သုမင်္ဂလာအိမ်ရာ၊ တိုက် ၂၆/၆၊ အခန်း ၀၀၁ နေ (ဦးရဲမြင့်၊ စား/ဖျော်)၏ဇနီး၊ ဟင်နရီထိန်လင်း - မစုမြတ်ထွေး (MMB၊ ရုံးချုပ်)၊ မိုက်ကယ်မိုးအောင်-မဇွန်သူသူအောင်၊ (ကိုဖြိုးဟန်)-မအင်ကြင်းခိုင်၊ ကိုဇော်လင်း (MD, Youth Computer) - မအိအိဖြိုး (Youth Computer)တို့၏ မိခင်သည် ၂၇-၆-၂၀၀၄ရက် နံနက် ၂း၂၀ နာရီတွင် ရွှေဗဟိုရ်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မိမိမာ (Minnie)
အသက်(၆၂)နှစ်

အမှတ် ၉/ခ၊ ငွေကြာရံရိပ်သာ၊ အမှတ်(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ [သီရိပုံချို ဦးအုန်းညွန့် (အငြိမ်းစား၊ ရန်ကုန်မြို့တော် အင်ဂျင်နီယာ)-ဒေါ်မိမိကလေး]တို့၏သမီးကြီး၊ [ဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)]၏ ဇနီး၊ ဦးကျော်စိန် (ဒုတိယညွှန်ကြားရေးမှူး၊ DMIP စက်မှု-၂)-ဒေါ်ဝင်းမာအေး (ဌာနခွဲမှူး၊ DMIP)၊ ဒေါ်မိမိညွန့်-ဦးသက်လွင်[အင်ဂျင်နီယာမှူးကြီး၊ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]၊ ဒေါ်ရင်ရင်ညွန့်(လက်ထောက်ညွှန်ကြားရေးမှူး၊ MTEI)၊ဒေါ်ခင်ခင်စု(စာရင်းကိုင်-၁၊ MTRI)၊ဦးတင်စိုး၊ဦးတင်မိုး(Eastwind Shipmanagement)-ဒေါ်ဥမ္မာအေး(အလက-၇၊မန္တလေး)တို့၏အစ်မကြီး၊ ဒေါ်သဇင်လွင်-ဦးသီဟန်၊ ဒေါ်စုစုစံ-ဦးစောလွင်ငယ်၊ မမေမီဇင်၊ မောင်ဥက္ကါတင်မိုး(ပဉ္စမတန်း၊ မန္တလေး)၊ မောင်ညီဝင်းဇင် (တတိယတန်း-E°၊ TTC) တို့၏ ကြီးကြီးသည် ၂၇-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်၊ညီမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ အာစာရ
သက်တော်(၃၁)နှစ်၊ သိက္ခာတော်(၁၁)ဝါ

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အနန်းပင်တောရစာသင်တိုက်၌ သီတင်းသုံးတော်မူသော ဓမ္မကထိက ဘဒ္ဒန္တအာစာရသည် ၂၇-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၄း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ၁-၇-၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်ပူဇော်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ဒါယိကာမများအား အကြောင်းကြားပါသည်။ တပည့်ဒါယကာ၊ဒါယိကာမများ။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ဂျူးလီယာ (တောင်ငူ)
အသက်(၈၉)နှစ်

တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ မြို့ကြီးလမ်း၊ အမှတ် ၇၇၇ နေ (ဒေါက်တာဖိုးတီလုံး-ဒေါ်သာကျင်)တို့၏ သမီး၊ (ဒေါ်ကကသရင်း)၊ (ဦးဆော်လမွန်)၊ (ဦးဝီလ်ဆင်)တို့၏ညီမ၊ (ဒေါ်ရင်ရင်မေ)၊ (ဒေါ်ဖရောစီ)တို့၏အစ်မ၊ ဦးစောသိန်းထွန်း-ဒေါ်ဂရေးလီယာ၊ ဦးစောသန်းရွှေ-ဒေါ်ရီနာ၊ ဦးစောဟဲရစ်-နော်ဒေါထယ်၊ နော်ရို့စ်ဘတ်-စောဘရိုက်တို့၏မိခင်၊ မြေး ၂၁ ယောက်တို့၏အဘွား၊မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၅း၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် တောင်ငူမြို့ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမောင်စိန် (မအူပင်)
အသက်(၇၁)နှစ်

မအူပင်မြို့၊ ခနောင်ထော်ရွာနေ (ဦးဖိုးညွန့်-ဒေါ်အေးရင်)တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋိလ ၄ လမ်း၊ အမှတ် ၈၁၂ နေ ဒေါ်ကြည်၏ခင်ပွန်း၊ ဦးသန်းထွန်းဦး(စည်ပင်၊တိ/ကုဌာန)-ဒေါ်အေးအေးဝင်း(မ-၂၉၊သင်္ဃန်းကျွန်း)၊ကိုထွန်းမြင့်ဝင်း၊ ကိုခင်ဝင်း-မကြည်ကြည်မြင့်၊ မစန္ဒာဝင်း (အသေးစားချေးငွေ၊ ရုံးချုပ်)တို့၏ဖခင်၊ မမေမူခိုင်၏ အဘိုးသည် နေအိမ်၌ ၂၈-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဌေးသိန်း (စေတနာကားဂိတ်)
B.Sc (Phys)
မော်လမြိုင် (78/79)
(မန္တလေး၊မဒေါက်၊သူရဲသမိန်)
အသက်(၅၀)

ရန်ကုန်မြို့၊ အမှတ် ၂၃၊ အလုံလမ်း၊ ဆင်မင်းရပ်ကွက်နေ ဦးရဲညွန့်၊ (ဦးအင်းဟန်-ဒေါ်အုန်းခေါ့)တို့၏သား၊ ဦးဝင်း-ဒေါ်စိန်၊ ဦးတင်ဟန်-ဒေါ်ကြည်၊ (ဦးရွှေလှိုင်)-ဒေါ်တင်ရွှေ၊ မဒေါက်မြို့နေ (ဦးစံသိန်း)-ဒေါ်ခင်ထွေး၊ ဦးမြမောင်-ဒေါ်တင်အုံးတို့၏တူ၊ ဦးဌေးသန်း-ဒေါ်သီတာ၊ ဒေါ်စန်း၊ ဦးစိုးစိုးသန်း-ဒေါ်ချို၊ ကိုရဲနိုင်-မစိုးယုနွယ်၊ မသင်းသင်းနိုင်၊ ကိုမင်းဇော်-မမြင့်မြင့်နိုင်၊မလွင်လွင်နိုင်၊ မစန်းစန်းနိုင်တို့၏အစ်ကို၊ မန္တလေးမြို့၊ အမှတ် သ ၁/၆၊ ကျွဲဆည်ကန်ရပ်နေ ဒေါ်နီနီအောင်၏ခင်ပွန်း၊ မောင်မျိုးသက်ဟန်[3rd M.B(MDY)]၊ မထက်ထက်ဝင်းပြုံးအိ(အမက-၂၃၊မူကြို)တို့၏ဖခင်သည် ၂၅-၆-၂၀၀၄ရက် ည ၇း၃၀ နာရီတွင် ရန်ကုန်မြို့ အလုံလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အလုံလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်ခူမူ
(အလကကျောင်းအုပ်ဆရာမကြီး)
လှိုင်းဘွဲမြို့နယ်(ပိုင်ကျုံကျေးရွာ)
အသက်(၄၇)နှစ်

(Rev.ဦးချစ်တေး)-နော်ငွေခင်တို့၏ သမီးထွေး၊ ပါမောက္ခဒေါက်တာဦးတင်ဝင်း-နော်တကောဖော၊ ဦးစောဘောနေ-နော်ညိမ်းသာ၊ ဦးစောဘနာဘာ-နော်သောသီ၊ စောစလေခလို- နော်အေးအေး၊ ဦးစောထွန်းကြည်-နော်ကကေတို့၏ညီမ၊ စောမူးအယ်ဝါး၊ စောဆာအယ်ဝါး၊ နော်သေးအယ်ဝါးတို့၏မိခင်သည် ၂၇-၆-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၈-၆-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးကျော်စိန် (ငြိမ်း)
အသက်(၈၀)

တောင်တွင်းကြီးမြို့နယ်၊ ဂျုတ်ကုန်းရွာနေ ပန်းချီဆရာကြီး (ဦးဥာဏ်-ဒေါ်သီ)တို့၏သား၊ ပြင်ဦးလွင်မြို့၊ (၁၀)ရပ်ကွက်၊ ၃၀၁(စီ)လမ်း၊ ဗိသနိုးဆေးဂေဟာနေ ဒေါ်အုန်းကြည်၏ခင်ပွန်း၊ ဦးဝင်းတင်(ပြည်နယ်မန်နေဂျာ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ကျိုင်းတုံ)-ဒေါ်ယဉ်ယဉ်အေး၊ ဦးကြည်ဝင်း(လ/ထ ညွှန်မှူး၊ ခရိုင်သစ်တောဦးစီးဌာန၊မြစ်ကြီးနား)-ဒေါ်မိုးမိုးကြည်၊ ဦးဌေးအောင်(အထက-၁)-ဒေါ်ကြည်ကြည်စိန် (အထက-၄၊ ပြင်ဦးလွင်)၊ ဦးနေဆန်းလင်း(မြန်မာ့သစ်လုပ်ငန်း) - ဒေါ်အေးအေးကျော် (ပြင်ဦးလွင်ခရိုင်၊ စိုက်ပျိုးရေးရုံး)တို့၏ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၇-၆-၂၀၀၄ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ပြင်ဦးလွင်မြို့ ရှစ်မိုင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးစောမောင် (ဝမြို့)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စံပါယ်လမ်း၊ အမှတ် ၈၊ ငါးလွှာ၊ စောရန်ပိုင်အနောက်ရပ်ကွက်နေ ဒေါ်တင်သိန်း၏ခင်ပွန်း၊ ကိုကျော်သာဦး(SMI Co., Ltd.)-မသင်းသင်းအေး၊ မသန်းသန်းဌေး၊ ကိုတင့်နိုင်-မနန်းမြမြဝင်း၊ မလှလှထွေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၈ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးစိုးမြင့် (စာရင်းစစ်မှူး)
မကွေးတိုင်း၊ စာရင်းရုံး
အသက်(၅၈)နှစ်

မကွေးတိုင်း၊ သစ်တောရုံးဝင်းနေ (ဦးလှအင်)-ဒေါ်စောတို့၏သား၊ ဒေါ်ကြည်ညွန့် (စာရင်းစစ်၊ မကွေးတိုင်းစာရင်းရုံး)၏ခင်ပွန်း၊ ဦးစိုးဝင်းနိုင် (တောအုပ်၊ ကြို့ပင်ကောက် သစ်တောဦးစီးဌာန)၊ ဒေါ်ခင်အုန်းမြင့်(စာရင်းကိုင်-၃၊မကွေးခရိုင်သစ်တောရုံး)၊ ဦးမျိုးမင်းစိုး (စုံစမ်းရေးမှူး၊ စစစ၊ မုံရွာ)၊ ဒေါ်နီလာရွှေ (လူမှု-၄၊ မူလတန်းကြိုကျောင်း၊ မုံရွာ)တို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၂၇-၆-၂၀၀၄ရက် ညနေ ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၀၄ရက်တွင် မကွေးမြို့သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မောင်ဆန်းထွန်းအောင်
AGTI (I.T) မော်ဘီ
အသက်(၂၀)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်း၊ လမ်းသစ်လမ်း၊ အမှတ် ၁၂ နေ ဦးတင်ထွန်း- ဒေါ်လှသန်းတို့၏မြေး၊ ဦးတင်ဝင်း၊ ဦးမင်းသွင်ညွန့်-ဒေါ်ရင်ရင်သန်း(မြို့နယ်တရားသူကြီး၊ သန်လျင်)၊ ဒေါ်သီတာထွန်းတို့၏တူ၊ ဦးတင်ဦး-ဒေါ်ခင်စောမြင့်တို့၏သားကြီး၊ မောင်ဝင်းထွန်းအောင်၊မသင်းအိအိထွေး(အမက-၁၊ ဗဟို)၊မအေးသန္တာသွင်(TTC)တို့၏အစ်ကိုသည် ၂၈-၆-၂၀၀၄ရက်တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၃၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် WIPO ဒုတိယညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇွန် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် World Intellectual Property Organization(WIPO) မှ Deputy Director General Mr. Geoffrey Yu နှင့်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် World Intellectual Property Organization (WIPO) မှ Deputy Director General Mr. Geoffrey Yu အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ စာတမ်းတင်ပြပြီးစီး အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးရေး စာတမ်းပြုစုရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၈

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁၅/၂၀၀၄)ကို ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကားပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် **စာမျက်နှာ ၆ ကော်လံ ၁** ●

မြို့ပြနှင့်ကျေးလက် လမ်း၊ တံတား စည်ပင်သာယာရေးအဖွဲ့ ကြိုးပမ်းဆောင်ရွက်နေမှုများ

သတင်းဆောင်းပါး—ငြိမ်းမင်းစံ (မဟာအောင်မြေ)၊ ဓာတ်ပုံမှတ်တမ်း—နယ်စပ်/ စည်ပင်

ရန်ကုန် ဇွန် ၂၈

နိုင်ငံတော်အစိုးရသည် မြို့ပြနှင့် ကျေးလက်ဒေသများ အချိုးညီညီ တိုးတက်လာစေရေးနှင့် မြို့ရွာများ အမြန် ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ နယ်စပ်

စာမျက်နှာ ၁၂ ကော်လံ ၁ ■

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများဆက်သွယ်သွားလာနိုင်ရန် ညောင်ခါးရှည်-မြစ်ကျိုး-ဒိုက်ဦးမြေသား လမ်းသစ် (ဝါအပိုင်း)ကို ဤသို့ ဖောက်လုပ်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ယူရို ၂၀၀၄ ဒုတိယအကြိမ်မိုလ်လုပွဲသုံးသပ်ချက်

လက်ရှိချန်ပီယံနှင့် အိမ်ရှင်ကိုဖြိုခဲ့သည့် အေသင်ဂရိများ နိုင်ပွဲဆက်နေသည့် ချက်ကို ဟန့်တားနိုင်ပါမည်လော

Euro 2004 PORTUGAL

ကိုဇော္ဌး — သုံးသပ်တင်ပြသည်

ရန်ကုန် ဇွန် ၂၈

ယူရို၂၀၀၄ ဘောလုံးပြိုင်ပွဲကြီး ကွာတားဖိုင်နယ်ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်သည်။ ပထမအကြိမ်ဗိုလ်လုပွဲစဉ်အဖြစ် ဇူလိုင် ၁ ရက်တွင် အိမ်ရှင်ပေါ်တူဂီနှင့်ဟော်လန်၊ ဒုတိယအကြိမ်ဗိုလ်လုပွဲ စဉ်အဖြစ် ဇူလိုင် ၂ ရက်တွင် ဂရိနှင့်ချက်တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ❐